## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၁၃) ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
### (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)
### (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၂.၇၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၁-၂-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၀၇ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၁၁၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၁၆ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၉၉ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၄ ရက်၊

(၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၄ ရက်၊

(၃) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၄) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၅) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၄ ရက်၊

(၆) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၄ ရက်၊

(၇) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၁ ရက်၊

(၈) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၁ ရက်၊

(၉) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၀) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၁) ခနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁ ရက်၊

(၁၂) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၄ ရက်၊

(၁၃) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၄) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၁၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၁၆) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ) ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၇) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၄ ရက်၊

(၁၈) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၃ ရက်၊

(၁၉) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၄ ရက်၊

(၂၀) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၂၁) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၂၂) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ် ခွင့် ၁ ရက်၊

(၂၃) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၂၄) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၄ ရက်၊

(၂၅) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၂၆) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၂၇) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၂၈) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

**မူကြမ်း**

(၂၉) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၃၀) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၃၁) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၃၂) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၄ ရက်၊

(၃၃) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၃၄) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၃၅) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၃၆) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၄ ရက်၊

(၃၇) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၃၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၃၉) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၁ ရက်၊

(၄၀) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်၊

(၄၁) ကွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၄၂) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၄၃) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၄၄) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၁ ရက်၊

(၄၅) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၄၆) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၄၇) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၄၈) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၄ ရက်၊

(၄၉) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၄ ရက်၊

(၅၀) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၄ ရက်၊

(၅၁) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၄ ရက်၊

(၅၂) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၄ ရက်

(၅၃) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၅၄) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ခွင့် ၄ ရက်၊

(၅၅) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၄ ရက်၊

**မူကြမ်း**

(၅၆) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၄ ရက်၊

(၅၇) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၅၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၄ ရက်၊

(၅၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၄ ရက်၊

(၆၀) ဗိုလ်မှူးအောင်ပိုင်ဦး တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၆၁) ဗိုလ်မှူးမြတ်သိန်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၆၂) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ် ခွင့် ၁ ရက်၊

(၆၃) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၄) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၄ ရက်၊

(၆၅) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၄ ရက်၊

(၆၆) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၄ ရက်၊

(၆၇) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၄ ရက်၊

(၆၈) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၄ ရက်၊

(၆၉) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၄ ရက်၊

(၇၀) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၄ ရက်

(၇၁) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၇၂) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၁ ရက်၊

(၇၃) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၇၄) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၄ ရက်၊

(၇၅) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၄ ရက်၊

(၇၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ) ဦးဒီလုံး ခွင့် ၄ ရက်၊

(၇၇) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၇၈) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁ ရက်၊

(၇၉) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၈၀) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၈၁) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၈၂) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၈၃) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၁ ရက်၊

(၈၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၈၅) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၈၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၈၇) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၈၈) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်

(၈၉) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၉၀) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၉၁) ဘုးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၉၂) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၉၃) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၁ ရက်၊

(၉၄) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၉၅) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၉၆) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၉၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၄ ရက်၊

(၉၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၉၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး ယနေ့ ခွင့်ပြုထားသူ ၉၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၁၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ

မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင်များ ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် ဒေါ်မြမြဝင်း၊ ပါမောက္ခဌာနမှူး(ငြိမ်း) မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် ဒေါ်လဲ့လဲ့ဝင်း၊ လက်ထောက်ကထိက(ငြိမ်း) ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်တို့အား ကော်မရှင် အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြေအောက်ဓာတ်သတ္တုများ၊ သစ်တောထုတ်လုပ်မှုများကို လာရောက်လုပ်ကိုင်နေကြသော တရားဝင်/ မဝင်ကုမ္ပဏီများမှ ထုတ်ယူသယ်ဆောင်သွားခြင်းအတွက် အစိုးရမှ နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းခေါင်လွင်(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းခေါင်လွင်

ဖြစ်ပါတယ်။ မိမိမဲဆန္ဒနယ် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးဒေသဟာ ခနောက်စိမ်းအပါအဝင် အခြားဓာတ်သတ္တုများ အရည်အသွေးပြည့်မီစွာ ရာခိုင်နှုန်းအတော်များများထွက်ရှိသော ဒေသတစ်ခု ဖြစ်ပါတယ်။ မိဘဘိုးဘွားများ အစဉ်အဆက် ထားရစ်ခဲ့တဲ့၊ တည်ရှိခဲ့တဲ့ မြေပေါ်/မြေအောက် သယံဇာတဖြစ်ထွန်းမှုကို နိုင်ငံတော်အတွက် ဘဏ္ဍာအခွန်အခသော်လည်းကောင်း၊ မိမိမြို့နယ် သားသမီး မြေးမြစ် တိုင်းရင်းသားပြည်သူများနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုလုပ်ငန်းများမှာ ပြန်လည်သုံးစွဲခံစားသင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ ခနောက်စိမ်း၊ ဓာတ်သတ္တု၊ သစ်တော၊ သယံဇာတစသည်ဖြင့် နှစ်စဉ်တန်ချိန် ထောင်ပေါင်းများစွာ ဒေသထွက် ရာခိုင်နှုန်းအတော်များများ အရည်အသွေးပြည့်မီတဲ့ ခနောက်စိမ်းအပါအဝင် မြေအောက်ဓာတ်သတ္တုများမှသော်လည်းကောင်း၊ သစ်တောများမှ ထုတ်လုပ်မှုများမှသော်လည်းကောင်း၊ ဒေသတွင်းလာရောက်တူးဖော်လုပ်ကိုင်ကြတဲ့ တရုတ်၊ ကုလား၊ တိုင်းရင်းသား တရားဝင်/တရားမဝင် ကုမ္ပဏီများမှ ထုတ်ယူသယ်ဆောင်သွားခြင်း အတွက် မိမိတို့မြို့နယ်၊ မိမိတို့ပြည်နယ်အစိုးရတွေအတွက် နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေမည်မျှရရှိပြီး ရရှိတဲ့နိုင်ငံတော်အခွန်ဘဏ္ဍာများထဲမှ ရာခိုင်နှုန်းမည်မျှကို မိမိတို့ မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အတွက် ပြန်လည်သုံးစွဲခွင့်ပြုထားသည်ကို သိရှိလိုပါကြောင်း မဲဆန္ဒရှင်များကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ် ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်အောင်(ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဖြင့် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွဋ်ခေါင်လွင်ရဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ ကျွန်တော်တို့ ခနောက်စိမ်း၊ ဓာတ်သတ္တု၊ သစ်တော၊ သယံဇာတစသည်ဖြင့် နှစ်စဉ်တန်ချိန်ထောင်ပေါင်းများစွာ ဒေသထွက်ရာခိုင်နှုန်း တော်တော်များများ အရည်အသွေးပြည့်မီသော ခနောက်စိမ်းအပါအဝင် မြေအောက်ဓာတ်သတ္တုများ၊ သစ်တောထုတ်လုပ်မှုများကို ဒေသတွင်းလာရောက်တူးဖော်လုပ်ကိုင်နေကြသော တရုတ်၊ ကုလား၊ တိုင်းရင်းသားတရားဝင်/တရားမဝင် ကုမ္ပဏီများမှ ထုတ်ယူသယ်ဆောင်သွားခြင်းအတွက် မိမိတို့

မြို့နယ်၊ မိမိတို့ပြည်နယ်အစိုးရမှ နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေမည်မျှရရှိပြီး ရရှိနိုင်ငံတော်အခွန်ဘဏ္ဍာငွေများထဲမှ ရာခိုင်နှုန်းမည်မျှကို မိမိတို့ ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်သုံးစွဲခွင့်ပြုထားသည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကိုတော့ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေး ရာဝန်ကြီးဌာနနဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ကိုယ်စား ကျွန်တော် သတ္တုတွင်းဝန်ကြီးဌာနမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သတ္တုတွင်းဝန်ကြီးဌာနဟာ ကရင်ပြည်နယ်တွင် ဓာတ်သတ္တုလုပ်ငန်းဆောင်ရွက်ရန်အတွက် ဓာတ်သတ္တုအကြီးစားလုပ်ပိုင်ခွင့် ခွင့်ပြုမိန့် ၁၁ စောင်၊ အသေးစားလုပ်ပိုင်ခွင့် ခွင့်ပြုမိန့် ၂၈ စောင်၊ လက်လုပ်လက်စားထုတ်လုပ်ရန်ခွင့်ပြုမိန့် ၂၀ စောင် စုစုပေါင်း ၅၉ စောင်နဲ့ စမ်းသပ်တိုင်းတာခွင့် ခွင့်ပြုမိန့် ၅၀ စောင် စုစုပေါင်း ၁၀၉ စောင်တို့ကို ထုတ်ပေးထားရှိပြီးဖြစ်ပါတယ်။ ယခုအချိန်ထိ ထုတ်ပေးခဲ့တဲ့ ခွင့်ပြုမိန့်ရရှိသူများဟာ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများသာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်ထုတ်ပေးထားတဲ့ ဓာတ်သတ္တုအမျိုးအစားနဲ့ အရေအတွက်များမှာ ခနောက်စိမ်း ၄၅ ကွက်၊ ကျောက်မီးသွေးသုံးကွက်၊ ထုံးကျောက် ခြောက်ကွက်၊ သံကျောက်တစ်ကွက်၊ မြေစေးနှစ်ကွက်၊ သွပ်ထုတ်လုပ်ရေးတစ်ကွက်၊ အလှဆင်ဂရိုက်နိုက်တစ်ကွက်တို့ဖြစ်ကြပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်း ဓာတ်သတ္တုလုပ်ကိုင်ရန် လုပ်ငန်းရှင်များမှ လျှောက်ထားလာရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့ရဲ့ သဘောထားမှတ်ချက် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ ကျေးရွာသားများ၏ ထောက်ခံတင်ပြချက်၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ရရှိပြီးမှသာစိစစ်ပြီး လက်လုပ်လက်စားနှင့် အသေးစားထုတ်လုပ်မှုကို ဝန်ကြီးဌာနမှ တာဝန်ယူ၍လည်းကောင်း၊ အကြီးစားထုတ်လုပ်မှုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့သို့ တင်ပြခွင့်ပြုချက်ရယူပြီး ခွင့်ပြုမိန့်များထုတ်ပေးနေခြင်း ဖြစ်ပါတယ်။ ခွင့်ပြုမိန့်ထုတ်ပေးရာတွင် သတ္တုတွင်းဌာနအောက်ရှိ သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်းများနဲ့ ထုတ်လုပ်မှုပေါ်ခွဲဝေမှုခံစားသည့်စနစ်ဖြင့် စာချုပ်ချုပ်ဆို၍ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ပေးရာမှာ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၈၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေ ၈၃၊ ၈၄၊ ၁၁၅ တို့အရ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်အတွက် ခွင့်ပြုမိန့်ကြေး၊ ပုံသေမြေငှားရမ်းခနှင့် အဆိုပြုငွေတို့ကိုလည်းကောင်း၊ ဓာတ်သတ္တု လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်အတွက် ခွင့်ပြုမိန့်ကြေး၊ ပုံသေမြေငှားရမ်းခနဲ့ ဓာတ်သတ္တုခွန်တို့ကိုလည်းကောင်း၊ ဓာတ်သတ္တု အကြီးစား၊ အသေးစားထုတ်လုပ်ရန်အတွက် ခွင့်ပြုမိန့်အတွက် ခွင့်ပြုမိန့်ကြေး ပုံသေမြေငှားရမ်းခ၊ ဓာတ်သတ္တုခွန်နဲ့ လက်မှတ်ထိုးဆုကြေးငွေနဲ့ ထုတ်လုပ်မှုအပေါ်ခွဲဝေမှုအချိုးတို့ကိုလည်းကောင်း သဘောတူစာချုပ်ချုပ်ဆို၍ ကောက်ခံလျက်ရှိပါတယ်။

ကရင်ပြည်နယ်အတွင်း ဓာတ်သတ္တုလုပ်ငန်း လုပ်ကိုင်ရန်ထုတ်ပေးထားသော ခွင့်ပြုမိန့်များနှင့် စပ်လျဉ်း၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကောက်ခံရရှိသော အခွန်အခများကတော့ ခွင့်ပြုမိန့်ကြေးက ကျပ်သန်း ၀.၀၈၆ သန်း၊ အဆိုပြုငွေကျပ်သန်း ၆.၆၄၉ သန်း၊ မြေငှားရမ်းခကျပ်သန်း ၇၆.၉၁၈ သန်း၊ ဓာတ်သတ္တုခွန်ကျပ်သန်း ၁၈၉.၉၆၀ သန်း၊ လက်မှတ်ထိုး ဆုကြေးငွေကျပ်သန်း ၁၈.၀၀၀ သန်း၊ ထုတ်လုပ်မှုအပေါ် ခွဲဝေမှုအချိုးကျပ်သန်း ၁၀၂၈.၂၉၈ သန်း စုစုပေါင်း ကျပ်သန်းပေါင်း ၁၃၁၉.၉၁၁ သန်းလက်ခံရရှိခဲ့ပြီးဖြစ်ပါတယ်။

တင်ပြပါစုစုပေါင်း ကျပ်သန်းပေါင်း ၁၃၁၉.၉၁၁ တွင် ဓာတ်သတ္တုခွန်၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၂၁၄၀၄.၇၃၊ ထုတ်လုပ်မှုအပေါ် ခွဲဝေမှုအချိုး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀၅၇၄၉၀.၇၇ စုစုပေါင်းနိုင်ငံခြားငွေအမေရိကန်ဒေါ်လာ သန်း ၁၁၇၈၈၉၅.၅၀ တို့ကို ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ကုမ္ပဏီများမှ တိုက်ရိုက်ပေး သွင်းပြီး သတ္တုတွင်းဝန်ကြီးဌာနမှ ကာလပေါက်ဈေးကျပ်ငွေဖြင့် တွက်ချက်၍ တင်ပြထားခြင်းသာဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနဟာ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများအရ နှစ်စဉ်ကောက်ခံရရှိသော ဓာတ်သတ္တုခွန်နှင့် ပုံသေမြေငှားရမ်းခတို့ကို အခွန်အခအနေဖြင့်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသို့ ပေးသွင်းသည့် ခွင့်ပြုမိန့်ကြေး၊ အဆိုပြုငွေ၊ လက်မှတ်ထိုး ဆုကြေးငွေ၊ ထုတ်လုပ်မှုအပေါ်ခွဲဝေမှုအချိုးတို့မှရရှိငွေကို သာမန်ရငွေအဖြစ်လည်းကောင်း ဖော်ပြပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အပြည့်အဝပေးသွင်းလျက်ရှိပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ စစ်ဆေးချက်ကိုလည်းခံယူလျက်ရှိပါတယ်။

ကရင်ပြည်နယ်မှာ နယ်မြေအေးချမ်းသာယာရေး၊ ဥပဒေစိုးမိုးရေး၊ တည်ဆောက်ရေးလုပ်ငန်းများနဲ့ လုံခြုံရေးကန့်သတ်ချက်များကို အခွင့်ကောင်းယူပြီး တရားမဝင်သတ္တုတူးဖော်ခြင်းနှင့် တရား

မဝင် သယ်ယူနေခြင်းများရှိနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ သယံဇာတများကို တရားမဝင်ထုတ်ယူနေမှုများ ကာကွယ်တားဆီးခဲ့ရာ ၂၀၁၃ ခုနှစ် ဧပြီလအထိ ဇာသပြင်တံတား၌ တစ်ကြိမ်၊ ဂျိုင်းတံတား၌ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ခန့်မှန်းတန်ဖိုးကျပ် ၂၄၄၆၅၈ ရှိသော ခနောက်စိမ်း သတ္တုရိုင်း ၁၄၇၃၂ ကီလိုဂရမ် အားဖမ်းဆီးရရှိခဲ့ပါတယ်။ အဆိုပါ သက်ဆိုင်တဲ့သူများအား မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၁ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့်မရရှိဘဲ ဓာတ်သတ္တုလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင် ဆောင်ရွက်သူအား မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀ အရ ထောင်ဒဏ် ခုနစ်နှစ်အထိဖြစ်စေ၊ ဒဏ်ငွေ ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ပါရှိပါတယ်။ သတ္တုတွင်း ဝန်ကြီးဌာနမှ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း လုပ်ကိုင်ခွင့်လုပ်ငန်းများ ခွင့်ပြုချက်ပေးထားခြင်းဖြင့် ဒေသခံတိုင်းရင်းသားလုပ်သားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသည့်အပြင် ဒေသဖွံ့ဖြိုးရေးကိုလည်း အထိုက်အလျောက် အထောက်အကူဖြစ်စေပါတယ်။ မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် သီးခြားလျာထားသတ်မှတ် ထားခြင်းမရှိသော်လည်း လုပ်ကိုင်ခွင့်ရရှိသည့်ကုမ္ပဏီများအနေဖြင့် လုပ်ကွက်အနီး ဝန်းကျင်ဒေသ ရှိ ပြည်သူလူထုအတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေးကိစ္စများတွင် တတ်နိုင် သလောက် ဒေသခံများ၏လိုအပ်ချက်များကို ညှိနှိုင်း၍ ကူညီထောက်ပံ့ လှူဒါန်းလျက်ရှိပါတယ်။ ၎င်းအပြင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ဒေသတွင်း လမ်းပန်း ဆက်သွယ်ရေး၊ လူမှုရေး၊ ပညာရေးနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေပါတယ်။ ကရင်ပြည်နယ်အတွင်းရှိ လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများမှ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို လုပ်ဆောင်ချက်များကိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုတင်ပြထားတဲ့ စာမျက်နှာ ၃ ကနေပြီးတော့ စာမျက်နှာ ၇ ထိရှိတဲ့အတွက်ကြောင့်မို့လို့ ကုမ္ပဏီတစ်ခုချင်းအနေနဲ့ ဒေသဖွံ့ဖြိုး ရေးလုပ်တာကိုတော့ သီးခြားမတင်ပြတော့ပါဘူး။ တင်ပြပါစာထဲမှာ အကုန်ပါပြီးဖြစ်ပါတယ်။

ဥပမာတစ်ခုကိုတင်ပြရရင်တော့ အကြီးစားမှာဆိုရင်တော့ ညီညွတ်သောဘိလပ်မြေ ထုံး ကျောက်ထုတ်လုပ်ရေးဟာ လုပ်ကွက်တစ်ကွက်ရှိပြီးတော့ ကရင်ပြည်နယ်၊ သံလွင်မြစ် ရေကြီးသခင် ရေလွှမ်းမိုးသောဒေသများမှ ရေဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေးအလှူငွေ ကျပ်သိန်း ၁၀၀ အား ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ ကရင်ပြည်နယ်ဒေသ ဖွံ့ဖြိုးရေးအတွက်

ကျပ်သိန်း ၂၀ လှူဒါန်းပြီးဖြစ်ပါတယ်။ အလားတူပဲ ကုမ္ပဏီအားလုံးဟာ သီးခြားအစီရင်ခံစာတွေ တက်ပြီးတဲ့နောက် လွှတ်တော်ကိုလည်း တင်ပြထားပြီး ဖြစ်ပါတယ်။

ယခုအခါမှာ အကြီးစားသတ္တုထုတ်လုပ်မှုပြုလုပ်တဲ့ ကုမ္ပဏီများအား အဖွဲ့အစည်းများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှု (Corporate Social Responsibility-CSR) အတွက် ရန်ပုံငွေနဲ့ မိုင်းပိတ်သိမ်းမှု အစီအမံ (Mine Closure Plan)အတွက် ရန်ပုံငွေများ လျာထားသတ်မှတ်ပြီးတော့ သီးခြားထားရှိ သုံးစွဲရန်အတွက် သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရေးဆွဲရာမှာ ထည့်သွင်း ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကိုယ်စား သတ္တုတွင်း ဝန်ကြီးဌာနမှ ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေး ရာဝန်ကြီးဌာနအနေနဲ့ မြန်မာ့သစ်တောသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး စီမံ ဆောင်ရွက်ရာတွင် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို မြန်မာ့သတ္တုတွင်းသစ်ထုတ်လုပ်ငန်းမှ သတ် မှတ်လုပ်ထုံးလုပ်နည်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့သစ်လုပ်ငန်း အနေဖြင့် သစ်ထုတ်လုပ်ရာတွင်ဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကသစ်ထုတ်လုပ်ကုမ္ပဏီများ ကိုကန်ထရိုက်စနစ်ဖြင့် ငှားရမ်းသည့် နည်းလမ်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မြန်မာ့သတ္တုတွင်းသစ်တောလုပ်ငန်းမှ ကရင်ပြည်နယ်ရှိ သံတောင်ကြီး မြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲမြို့နယ်နှင့် ကောကရိတ်မြို့နယ်များမှ ကျွန်းစစ် ၄၇ တန်၊ သစ်မာ ၄၈၁၉ တန်၊ ပြည်တွင်းပြည်ပရောင်းအတွက်ထုတ်လုပ်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် သစ်မာ ၆၆၃၁ တန်ထုတ် လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးရေးအတွက် ထုတ်လုပ်သောသစ်များမှာ ကရင်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အစုအဖွဲ့များမှ ပြည်နယ်အစိုးရရဲ့ ထောက်ခံချက်ဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထုတ်လုပ်ပြီး ဒေသအတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက် ရောင်းချပေးလျက်ရှိပါတယ်။ ထုတ်လုပ်သောသစ်များအတွက် ကောက်ခံရရှိသည့် သစ်တော အခွန်ငွေများကို ပြည်ထောင်စုအစိုးရရန်ပုံငွေသို့ ပေးသွင်းရပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မှစ၍ သစ်ထုတ်လုပ်မှုမှရရှိတဲ့အခွန်ငွေကို သတ်မှတ်ထားသည့် သစ်အမျိုးအစားအလိုက် ပြည်ထောင် စုနှင့် တိုင်းဒေသကြီး/ပြည်နယ် ရန်ပုံငွေအဖြစ်ခွဲဝေရရှိပြီး ဖြစ်ပါတယ်။

**မူကြမ်း**

သစ်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းရှင်များဟာ သစ်ထုတ်လုပ်သည့်သစ်များအတွက် သစ်ထုတ်လုပ်ခ ပေးချေငွေနှစ်ရာခိုင်နှုန်းကို With Holding Tax အဖြစ် ခုနှိမ်၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ငွေပေးသွင်းဆောင်ရွက်လျက်ရှိပါတယ်။ ခါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းကို သတ္တုတွင်းဝန်ကြီးဌာနက အဓိကစီမံဆောင်ရွက်ခြင်းဖြစ်ပြီး သစ်တောနယ်မြေ (ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ)အတွင်း ဓာတ်သတ္တုတူးဖော်ထုတ်လုပ်လိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ သဘောထားတောင်းခံညှိနှိုင်းဆောင်ရွက်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကလည်း သတ္တုတူးဖော်မည့်မြေနေရာမှာ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာအတွင်းကျရောက်ခြင်းရှိ/မရှိ။ သဘာဝတောများ၏အခြေအနေကိုကွင်းဆင်းစစ်ဆေး၍ သတ်မှတ်ထားသည့်အချက်များနှင့်အညီ သစ်ပင်ပေါက်မှုနည်းပါးသော တောနိမ့်တောပျက်မြေများတွင်သာ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ဆောင်ရွက်ခွင့်ပြုသင့်ကြောင်း သဘောထားပြန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောနယ်မြေအတွင်း ကျရောက်သော သတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ရရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ထုတ်လုပ်သောသတ္တုအပေါ် အခွန်ငွေကောက်ခံခြင်းမပြုဘဲ တူးဖော်ထုတ်လုပ်သည့် မြေဧရိယာအတွက် မြေငှားရမ်းခကိုသာကောက်ခံ၍ နှစ်စဥ်စာချုပ်စနစ်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ ဆောင်ရွက်ခွင့်ပြုထားကြောင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကရင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ဖြေကြားချက်ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံမြို့နယ်ခွဲအတွင်းရှိ သုဇနပွင့်ကုမ္ပဏီသည် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ၁၀-၁၀-၂၀၁၁ ရက်နေ့ စာချုပ်ချုပ်ဆိုပြီး လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပထမအကြိမ်ခွင့်ပြုကာလမှာ ၂၁-၇-၂၀၁၂ ထိလည်းကောင်း၊ ဒုတိယအကြိမ်ခွင့်ပြုကာလမှာ ၂၂-၇-၂၀၁၂ မှ ၁၄-၉-၂၀၁၂ ထိလည်းကောင်း၊ တတိယအကြိမ်ခွင့်ပြုကာလမှာ ၁၅-၉-၂၀၁၂ မှ ၃၀-၁၀-၂၀၁၄ ထိလည်းကောင်း၊ ခွင့်ပြုမိန့်များထုတ်ပေးလျက်ရှိပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မူဆယ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချခဲ့သော သတ္တုရောင်းချရငွေမှ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းသို့ ၃၀ ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ သတ္တုတွင်းဦးစီးဌာနသို့ ဓါတ်သတ္တုခွန် ၄ ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း ပေးသွင်းလျက်ရှိပါတယ်။ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့နယ်ခွဲနှင့် ဘုရားသုံးဆူမြို့နယ်ခွဲရှိ ဟောင်သရောအောင်မြေကုမ္ပဏီသည် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ၂၈-၁၀-၂၀၁၀ ရက်နေ့တွင် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ရာ ခွင့်ပြုသက်တမ်းကာလမှာ ၂၈-၁၀-၂၀၁၀ မှ ၂၇-၁၀-၂၀၁၃ ရက်နေ့ထိ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ လားရှိုးမြို့နယ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး ရောင်းချရငွေမှ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းသို့ ၃၀ ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ သတ္တုတွင်းဦးစီးဌာနသို့ ဓာတ်သတ္တုခွန် ၄ ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာဖြင့်လည်းကောင်းပေးသွင်းလျက်ရှိပါတယ်။

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့နယ်ခွဲရှိ သပြုသတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီလီမိတက်ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တို့၏ ခွင့်ပြုချက်အရ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် သပြုဒေသမှ ခနောက်စိမ်းတူးဖော်ရန် စာချုပ်ကို သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ၁၂-၁၂-၂၀၀၁ ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများကို ၁-၁-၂၀၀၂ ရက်နေ့ကတည်းက စတင်ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်ခွင့်ပြုကာလမှာ ၁၂-၁၂-၂၀၀၁ ရက်နေ့မှ ၁၁-၁၂-၂၀၁၁ ရက်နေ့အထိ ၁၀ နှစ်ကာလဖြစ်ပြီး၊ ဒုတိယအကြိမ် ၁၂-၁၂-၂၀၁၁ ရက်နေ့မှ ၁၁-၁၂-၂၀၁၆ ရက်နေ့အထိ နောက်ထပ် ငါးနှစ် ထုတ်လုပ်ခွင့်ရရှိခဲ့ပါတယ်။

သပြုသတ္တုတူးဖော်ရေးကုမ္ပဏီလီမီတက်ဟာ ခနောက်စိမ်း ရောင်းချခြင်းအား ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ နိုင်ငံခြားသို့ အမေရိကန်ဒေါ်လာဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသို့ အခွန်ပေးသွင်းမှုအနေနဲ့ နှစ်စဉ် နိုင်ငံခြားသို့တင်ပို့ရောင်းချရငွေမှ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းသို့ ၃၀ ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ သတ္တုတွင်းဦးစီးဌာနသို့ ဓါတ်သတ္တုခွန် ၄ ရာခိုင်နှုန်းအား အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း ပေးသွင်းလျက်ရှိပါတယ်။ သပြုသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ဟာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ခနောက်စိမ်း သတ္တုရိုင်း တန်ချိန်

၁၁၅၃ တန် ထုတ်လုပ်ခဲ့ပါတယ်။ ရောင်းချမှုအနေဖြင့် ယခင်ဘဏ္ဍာရေးနှစ်များမှ ထုတ်လုပ်ရရှိသော ခနောက်စိမ်း သတ္တုများအပါအဝင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြင့် ခနောက်စိမ်း ၁၅၂၂ တန်ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဧပြီလမှ အောက်တိုဘာလအထိထုတ်လုပ်မှုဖြင့် ခနောက်စိမ်း သတ္တုရိုင်းတန်ချိန် ၃၀၃ တန် ထုတ်လုပ်ခဲ့ပါတယ်။ ရောင်းချမှုအနေဖြင့် အဆင့်မြင့် ခနောက်စိမ်း ၄၀၀ တန်နှင့် ခနောက်စိမ်း ထရိုင်အောက်ဆိုဒ် ၂၀၀ တန်ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့ပါတယ်။

သစ်တောထွက်ပစ္စည်းများမှ အခွန်ကောက်ခံရရှိမှုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၅၈၆၂၇၇၀ ကျပ် ကောက်ခံရရှိရန် လျာထားခဲ့ပြီး ၅၈၉၃၃၅၀ ကျပ် ကောက်ခံရရှိခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၄၈၅၃၉၀၀ ကျပ် ကောက်ခံရရှိရန် လျာထားခဲ့ပြီး ဧပြီလမှ အောက်တိုဘာလအထိ ကောက်ခံရရှိငွေမှာ ၃၅၆၆၆၈ ကျပ် ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးသစ်ထုတ်လုပ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းရှင် နှစ်ဦးအား စာချုပ်ချုပ်ဆို၍ သစ် ၇၀၀ တန် ခွင့်ပြုထားပြီးဖြစ်ပါတယ်။

ကြာအင်းဆိပ်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပညာရေးကဏ္ဍအနေဖြင့် ၁၀၄.၄၀ သန်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ၁၃၀ သန်း သုံးစွဲခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအနေဖြင့် ခြောက်သန်း၊ ပညာရေးကဏ္ဍအနေဖြင့် ၃၉၂.၄၀ သန်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ၄၁၀ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းအနေဖြင့် ၂၁၃.၃၄ သန်း အသုံးပြု၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ကြာအင်းဆိပ်ကြီးမြို့နယ်၊ စည်ပင်သာယာရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၈၃.၀၄၂ သန်း သုံးစွဲ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးရန်ပုံငွေများသုံးစွဲမှုများမှာ ပြည်ထောင်စုရန်ပုံငွေမှ ၂၀၁၂-၂၀၁၃ ပြည်ထောင်စုရန်ပုံငွေဟာ ကျပ်သန်း ၅၀၀.၀၀၀၀ ငွေလုံးငွေရင်း ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာတော့ ၃၂.၃၅၆၁ ပြုပြင်ထိန်းသိမ်းရေး ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ၂၂၁.၈၁ ကျပ်သန်း အထူးပြုပြင်တည်ဆောက်ရေး ဖြစ်ပါတယ်။ ပြည်နယ်ရန်ပုံငွေကတော့ ၂၀၁၂-၂၀၁၃ မှာဆိုလို့ရှိရင် ၁၃၄၀.၅၂၉ ကျပ်သန်း ဖြစ်ပါတယ်။ ပြည်ထောင်စုရန်ပုံငွေရဲ့ ၂၀၁၂-၂၀၁၄ မှာငွေလုံးငွေရင်းဟာ ကျပ်သန်း ၃၀၀ ဖြစ်ပါတယ်။ ပြည်နယ်

ရန်ပုံငွေကနေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၈၇၂.၈၃ ငွေလုံးငွေရင်း ဖြစ်ပြီး တော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၁၇၆၀ ကျပ်သန်း အထူးပြုပြင်ရေးအတွက်သုံးစွဲပြီး ဖြစ်ပါ တယ်။ ဒါကတော့ ကျွန်တော်တို့ ကရင်ပြည်နယ်ကနေပြီးတော့ ဖြေတဲ့အဖြေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အကျဉ်းချုပ်ကို ထပ်မံတင်ပြရရင်တော့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်နယ်နှင့် တိုင်းဒေသကြီး အတွင်း သတ္တုကဏ္ဍနှင့် သစ်တောကဏ္ဍတို့မှ နှစ်စဉ်ကောက်ခံရရှိငွေများကို သက်ဆိုင်ရာငွေစာရင်း ခေါင်းစဉ်များအလိုက် ခွဲခြားပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အပြည့်အဝပေးသွင်းကြရပါတယ်။ ငွေစာရင်းများကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးလျက်ရှိပါတယ်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ နိုင်ငံတော်ဘဏ္ဍာငွေမှ ခွဲဝေသတ်မှတ်ပေးပါတယ်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးသို့ မိမိတို့ဝန်ကြီးဌာနမှ ရရှိတဲ့ငွေကနေပြီးတော့ ရာခိုင်နှုန်းဖြင့် ခွဲဝေ ပေးခြင်းမရှိပါဘူး။ တရားမဝင် တူးဖော်/ထုတ်ယူ သယ်ဆောင်မှုများကိုလည်း ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်အထိ သက်ဆိုင်ရာကုမ္ပဏီများမှ ဒေသခံများအတွက် နယ်မြေခံ ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးပြုလုပ်ငန်းများကို လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက် ပေးနေသော်လည်း နောင်တွင်အကြီးစားသတ္တုလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုငွေ ပမာဏနှင့် အကျိုးအမြတ်ပေါ်မူတည်၍ လူမှုရေးဆိုင်ရာတာဝန်ယူမှု (Corporate Social Responsibility-CSR) အတွက် ရန်ပုံငွေမည်မျှ၊ မိုင်းပိတ်သိမ်းမှုအစီအမံ (Mine Closure Plan) အတွက် ရန်ပုံငွေမည်မျှသတ်မှတ်စုဆောင်းပြီးတော့ ဒေသခံများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် သီးခြားသတ်သတ်မှတ်မှတ် စာရင်းဖွင့်လှစ်စုဆောင်းဆောင်ရွက်ရန် သတ္တုတွင်းဥပဒေ၊ နည်း ဥပဒေများတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းရေး စီစဉ်လျက်ရှိပါကြောင်းနှင့် ပြင်ဆင်ရေးဆွဲမည့်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သယံဇာတခွဲဝေပေးအပ်မှုကိုလည်း စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများအနေဖြင့် တရားရုံးတွင် သက်သေခံထွက်ဆိုရန်အတွက်ထုတ် ဆင့်လိုက်သော တရားစွဲအဖွဲ့အစည်းများမှ တာဝန်ရှိရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဆရာဝန်များ ပျက်ကွက် တိမ်းရှောင်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ ဖြင့် အရေးယူဆောင်ရွက်ခဲ့မှုရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေး၊ ဖြောင့်မတ်မှန်ကန်ရေးနှင့် မြန်ဆန်ရေးသည် တရားသူကြီးများ၊ တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ သက်သေခံပညာရှင်များ၊ သက်သေခံများ၊ ရှေ့နေများအားလုံးက ဥပဒေနဲ့အညီ မှန်ကန်မြန်ဆန်စွာဆောင်ရွက်မှုဟာ အဓိကကျကြောင်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ တရားရုံးများတွင်တရားစွဲဆိုကြသော အချို့သောအမှုများတွင် သက်ဆိုင်ရာတရားသူကြီးများက တရားစွဲအဖွဲ့အစည်းများမှ ရဲအရာရှိနှင့်ရဲတပ်ဖွဲ့ဝင်များ၊ သက်သေခံပညာရှင်မှုခင်းဆရာဝန်ကြီးများအား သက်သေခံလာရောက်ရန် ဥပဒေနှင့်အညီထုတ်ဆင့်သော်လည်း အကြောင်းအမျိုးမျိုးပြ၍ ခွင့် သို့မဟုတ် ခွင့်မဲ့ ပျက်ကွက်တိမ်းရှောင်နေခြင်း၊ တစ်ကြိမ်တည်းဖြင့် မလာရောက်ကြခြင်းတို့ကြောင့် အမှုများမှာ မလိုအပ်ဘဲ ကြန့်ကြာမှုများဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ပြည်သူတို့မှာ နစ်နာလျက်ရှိကြပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ တွင် ပြည်သူ့ဝန်ထမ်းတစ်ဦးက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီထုတ်ဆင့်ပိုင်သည့်အတိုင်း ထုတ်ဆင့်သောသမ္မန်စာဖြစ်စေ၊ နို့တစ်စာဖြစ်စေ၊ အမိန့်စာဖြစ်စေ ချအပ်သည်ကို မည်သူမဆိုတိမ်းရှောင်လျှင် ထိုသူကို တစ်လအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀ အထိဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ သို့တည်းမဟုတ် သမ္မန်စာမှာဖြစ်စေ၊ နို့တစ်စာမှာဖြစ်စေ၊ အမိန့်စာမှာဖြစ်စေ တရားရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော်လည်းကောင်း တက်ရောက်စေရန် သို့တည်းမဟုတ် စာသားအမှတ်အသားတစ်ခုခုကို ပြစေရန်ပါရှိလျှင် ထိုသူကို ခြောက်လအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ တစ်လအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများအနေဖြင့် တရားရုံးတွင် သက်သေခံထွက်ဆိုရန်အတွက် ထုတ်ဆင့်လိုက်သော တရားစွဲအဖွဲ့အစည်းများမှ တာဝန်ရှိရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဆရာဝန်များသည် ပျက်ကွက်တိမ်းရှောင်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ ဖြင့် အရေးယူဆောင်ရွက်ခဲ့မှုရှိ/မရှိ။ ရှိလျှင်နှစ်အလိုက် စုစုပေါင်းဘယ်နှစ်မှုရှိခဲ့ပါသနည်း။ တရားစွဲအဖွဲ့အစည်းများမှ တာဝန်ရှိရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဆရာဝန်များအား တရားရုံးသက်သေခံမလာရောက်ပါက တရားခံ သို့မဟုတ် တရားလိုများအား သက်ဆိုင်ရာတရားသူကြီးများက ဖိအားပေးခိုင်းစေမှုများရှိနေသည်ကို တာဝန်ရှိသူများမှ သိရှိပါသလား။ သိရှိလျှင်မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်နည်း။ သက်သေခံ ချက်အကျိုးခံစားခွင့်ရရှိခံစားရမည့် တရားခံ သို့မဟုတ် တရားလိုများက တရားစွဲအဖွဲ့အစည်းများမှ ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဆရာဝန်များအား သက်သေခံထွက်ဆိုရန်အတွက် နည်းအမျိုးမျိုး

**မူကြမ်း**

ဖြင့် တရားမဝင် ညှိနှိုင်းချဉ်းကပ်ခေါ်ဆိုမှသာ သက်သေခံလာရောက်ကြသည့် တာဝန်ရှိသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြသိမ်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ် စားလှယ် ဦးသိန်းထွန်းဦး မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော် ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ မှာ ပြည်သူ့ဝန်ထမ်း တစ်ဦးက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီထုတ်ဆင့်ပိုင်သည့်အတိုင်းထုတ်ဆင့်သော သမ္မန် စာဖြစ်စေ၊ နို့တစ်စာဖြစ်စေ၊ အမိန့်စာဖြစ်စေ ချအပ်သည်ကို မည်သူမဆိုတိမ်းရှောင်လျှင် ထိုသူကို တစ်လအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရ မည်ဖြစ်ကြောင်း သို့တည်းမဟုတ် သမ္မန်စာမှာဖြစ်စေ၊ နို့တစ်စာမှာဖြစ်စေ၊ အမိန့်စာမှာဖြစ်စေ တရား ရုံးသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ကိုသော်လည်းကောင်း တက်ရောက်စေရန် သို့တည်းမဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို တင်ပြစေရန်ပါရှိလျှင် ထိုသူကို ခြောက်လအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ အရ အရေးယူနိုင်ရန် ပြည်သူ့ဝန်ထမ်းက ဥပဒေ နှင့်အညီထုတ်ဆင့်တဲ့သမ္မန်စာ သို့မဟုတ် နို့တစ်စာ သို့မဟုတ် အမိန့်စာချအပ်သည်ကို ချအပ်ခြင်းခံရ သူက တိမ်းရှောင်ကြောင်း ပေါ်ပေါက်ရမှာဖြစ်ပါတယ်။ ထိုသို့ တိမ်းရှောင်ကြောင်းပေါ်ပေါက်မှသာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ်(က) အရ သက်ဆိုင်ရာပြည်သူ့ဝန်ထမ်း ကဖြစ်စေ၊ ယင်းဝန်ထမ်း၏အထက်ဝန်ထမ်းကဖြစ်စေ တရားလိုပြုလုပ်ပြီး တရားရုံးမှာဦးတိုက် လျှောက်ထားပြီး တရားစွဲဆိုရမှာဖြစ်ပါတယ်။

သက်ဆိုင်ရာရဲတပ်ဖွဲ့က ရဲအရေးပိုင်တဲ့ပြစ်မှုနဲ့ တရားစွဲဆိုတင်ပို့တဲ့အမှုများမှာ အမှုပါ သက်သေများ ရုံးရှေ့ရောက်ရှိအောင် ဆင့်ခေါ်ပေးရန်တာဝန်ဟာ သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်း

ဖြစ်တဲ့ ရဲတပ်ဖွဲ့မှာတာဝန်ရှိပါတယ်။ တရားစွဲဆိုတင်ပို့တဲ့နေ့မှာ ရဲစွဲချက်လွှာနှင့်ပူးတွဲတင်သွင်းတဲ့ ပထမရက်ချိန်းကနဲ့သတ်ရန် တရားသူကြီးထံပေးပို့သည့် သတိပေးနှိုးဆော်စာ (ပြစ်မှုပုံစံ ၁၀၄)ပါ တရားလိုဘက်သက်သေများ တရားလိုဘက်က တင်ပြတဲ့သက်သေများနှင့် တရားရုံးက စစ်ဆေးမယ့်သက်သေများကိုစစ်ဆေးရန် ရက်သတ်မှတ်ပြီးဆင့်ခေါ်ပေးရန် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ နှိုးဆော်စာကို ပြန်လည်ပေးပို့ရပါတယ်။ အဆိုပါသက်သေများကို အမှုချိန်းဆိုတဲ့နေ့မှာ လာရောက်ရန်အတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့က တာဝန်ယူအကြောင်းကြားဆင့်ခေါ်ပေးရပါတယ်။ ကျန်တရားလိုဘက်က သက်သေများကိုလည်း သက်ဆိုင်ရာရဲတပ်ဖွဲ့မှတစ်ဆင့် ခေါ်ယူရပါတယ်။ ဦးတိုက်လျှောက်ထားတရားစွဲဆိုတဲ့အမှုများမှာ တရားလိုက ရုံးခွန်တော်တံဆိပ်ခေါင်းထမ်းဆောင်မှ တရားရုံးက တရားလိုပြသက်သေကို သမ္မန်စာထုတ်ဆင့်ခေါ်ယူပေးရပါတယ်။ အဆိုပါအမှုများမှာ ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဆရာဝန်များဟာ တာဝန်အရသက်သေအဖြစ် တရားရုံးမှာအစစ်ခံရန်အကြောင်း အလွန်နည်းပါးကြောင်းတွေ့ရပါတယ်။ တရားလိုပြသက်သေအဖြစ်တင်ပြထားတဲ့ မှုခင်းဆရာဝန်နဲ့ ရဲတပ်ဖွဲ့ဝင်များ သက်သေခံရန်အတွက် ဆေးရုံအုပ်ကြီး၊ ရဲစခန်းမှူးမှတစ်ဆင့် တရားရုံးကသမ္မန်စာ သို့မဟုတ် အကြောင်းကြားစာထုတ်ဆင့်၍ခေါ်ယူရပါတယ်။ ရန်ကုန်နဲ့ မန္တလေးမြို့ကြီးများမှာ မှုခင်းဆရာဝန်ကြီးက ၎င်းလက်အောက်ရှိ မှုခင်းဆရာဝန်များ တရားရုံးများသို့ လာရောက်သက်သေခံနိုင်မည့်နေ့ရက်ကို တစ်လတစ်ကြိမ် ကြိုတင်ထုတ်ပြန်လေ့ရှိပါတယ်။ တရားရုံးများက မှုခင်းဆရာဝန်များ သက်သေခံလာရောက်နိုင်မည့်နေ့ရက်နှင့်ညှိ၍ အမှုများကိုချိန်းဆိုပြီး စစ်ဆေးပါတယ်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တရားရုံးအဆင့်ဆင့်မှာ ဆရာဝန်များ သက်သေခံလာရောက်ရန်အတွက် တရားရုံးက သက်ဆိုင်ရာဆေးရုံအုပ်ကြီးမှတစ်ဆင့် ဆရာဝန်များကို သက်သေခံဆင့်ခေါ်ရာမှာအသုံးပြုတဲ့ သမ္မန်စာ (ပြစ်မှုပုံစံ ၄၄) ဖြင့် ဆင့်ခေါ်ခေါ်ယူရပါတယ်။ ရဲတပ်ဖွဲ့ဝင်သက်သေများကိုတော့ သက်ဆိုင်ရာရဲစခန်းမှူးမှတစ်ဆင့် တရားရုံးကအကြောင်းကြားခေါ်ယူရပါတယ်။ အဆိုပါသက်သေများဟာ ၎င်းတို့ရဲ့မိခင်ဌာနရဲ့အရေးကြီးလုပ်ငန်းတာဝန်ရှိသည့်အခါမှအပ တရားရုံးသို့ လာရောက်သက်သေခံကြရမှာဖြစ်ပါတယ်။ မှုခင်းဆရာဝန်နှင့် ရဲတပ်ဖွဲ့ဝင်များကို သက်သေအဖြစ်ခေါ်ယူရာမှာ ၎င်းတို့၏ အထက်အကြီးအကဲမှတစ်ဆင့် အကြောင်းကြားစာ သို့မဟုတ် သမ္မန်စာထုတ်ဆင့်ခေါ်ယူရခြင်းဖြစ်၍ အဆိုပါသက်သေများ တရားရုံးရှေ့သို့ လာရောက်သက်သေခံရန်ပျက်ကွက်ခြင်းသည် တရားရုံးက ထုတ်ဆင့်သည့် အကြောင်းကြားစာ သို့မဟုတ် သမ္မန်စာကို တိမ်းရှောင်သည်ဟု တစ်ထစ်ချဆိုနိုင်ဦးမည်မဟုတ်ပါဘူး။ ယင်းသို့ တရားရုံးမှဆင့်ခေါ်သည့်အခါ အဆိုပါသက်သေများသည် မိခင်ဌာန၏အရေးကြီးတာဝန်ကြောင့် တရားရုံးသို့ သက်သေခံမလာရောက်တတ်သည်များလည်းရှိတတ်ပါတယ်။ သက်သေခံလာ

ရောက်ရန်ပျက်ကွက်ခြင်းသည် တရားရုံးကထုတ်ဆင့်တဲ့သမ္မန်စာ သို့မဟုတ် အကြောင်းကြားစာကို တမင်တိမ်းရှောင်သည်ဟု မပေါ်ပေါက်သေးပါက ၎င်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ အရ အရေးယူတရားစွဲဆိုရန် အကြောင်းရှိမည်မဟုတ်ပါ။ တရားရုံးအဆင့်ဆင့်မှာ အဆိုပါသက်သေများ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ အရ အရေးယူတရားစွဲဆိုမှုဟာ ယနေ့အထိ မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ရဲတပ်ဖွဲ့ဝင်သက်သေများ၊ ဆရာဝန်သက်သေများ တရားရုံးသို့ သက်သေခံလာရောက်ရေး အတွက် အဆိုပါသက်သေများကို ၎င်းတို့၏အထက်အဆင့်အကြီးအကဲမှတစ်ဆင့် အကြောင်းကြားစာ သို့မဟုတ် သမ္မန်စာ ထုတ်ဆင့်ခေါ်ယူရခြင်းဖြစ်တဲ့အတွက် တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများက တရားလို၊ တရားခံများကို ဖိအားပေးစေခိုင်းရန် အကြောင်းမရှိနိုင်ပါ။ ယင်းသို့ ဖိအားပေးစေခိုင်းမယ် ရှိနေသည်ကိုလည်း သတင်းများကို ကြားသိရခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ သက်သေခံ ချက်အကျိုးခံစားခွင့်ရရှိမယ့် တရားခံ သို့မဟုတ် တရားလိုများက တရားစွဲအဖွဲ့အစည်းမှ ရဲတပ်ဖွဲ့ဝင် များ၊ မှုခင်းဆရာဝန်များအား သက်သေခံထွက်ဆိုရန်အတွက် နည်းအမျိုးမျိုးဖြင့် တရားမဝင်ညှိနှိုင်း ချဉ်းကပ်ခေါ်ဆိုမှသာ သက်သေခံလာရောက်ခြင်းမျိုးရှိပါက ယင်းကိစ္စသည် တရားရုံးပြင်ပတွင် ဖြစ်ပွားသည့် တရားရုံးက မသိရှိနိုင်သည့်ကိစ္စသာဖြစ်ပါတယ်။ သို့ပါ၍ တရားရုံးအနေဖြင့် ယင်းကိစ္စ ရပ်များအပေါ် အရေးယူဆောင်ရွက်ရန်ရှိမည်မဟုတ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီး။ ကျွန်တော့်အနေနဲ့ ပိုမိုရှင်းလင်းစေရန် အတွက် မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဖြေကြားသွားတဲ့အခါမှာ တရားသူကြီးက ရဲ သို့မဟုတ် ဆရာဝန်ကြီး ရဲကို ဥပမာ ကျွန်တော်တို့ ဆင့်မယ်ဆိုလို့ရှိရင် သူ့ရဲ့ အထက်လူကြီးကိုပဲ အကြောင်းကြားရပါတယ်လို့ ဖြေကြားသွားပါတယ်။ အဲ့တော့ မည်သူမဆို ဆိုတဲ့ အထဲမှာ တရားစွဲတဲ့ရဲ ပါမပါ အဲ့ဒါလေးသိချင်ပါတယ်။ ဥပမာ ဒုရဲအုပ်ဦးနီက တရားစွဲတယ်ဆိုရင် ဒီဒုရဲအုပ်ဦးနီသည် သက်သေခံလာထွက်ရမှာသည် တရားရုံးက ဆင့်ဆိုပိုင်ခွင့်ရှိတယ်လို့ ကျွန်တော့်တို့ အနေနဲ့ ဒီလိုယုံကြည်ပါတယ်။ ဒါ့ကြောင့် ဒါလေးကို ဘာကြောင့်တိုက်ရိုက် ကျွန်တော်တို့ တရားစွဲတဲ့ ကာယကံရှင်ကို တိုက်ရိုက်ဆင့်ဆိုမှုပြုလုပ်ခြင်းမပြုလုပ်သလဲဆိုတဲ့ဟာလေးကို သိရှိစေချင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးမြန်းခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ပေါ်ပေါက်မှ သာလျှင်ဆိုတဲ့ တိမ်းရှောင်ကြောင်းပေါ်ပေါက်မှသာလျှင်ဆိုတဲ့အချက်ရှိပါတယ်။ တရားရုံးတွေမှာဖြစ်

ပျက်နေတာတွေသည် ပြည်သူတွေရဲ့အသံကို ကျွန်တော်တို့ နားနဲ့ကြားရတဲ့အတွက် ကျွန်တော်တို့ ဒီလွှတ်တော်ထဲအထိ ရောက်လာခြင်းဖြစ်ပါတယ်။ တရားသူကြီးက ထပ်ဆင့်သမ္မန်စာမထုတ်ဘဲနဲ့ ကျွန်တော်တို့အမှုသည်တွေကိုသာ ဖိအားပေးပြီးတော့ ဆောင်ရွက်နေမှုများကိုရော ဒါသက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များမှ သိရှိပါသလားလို့ ထပ်ဆင့်၍ ရှင်းလင်းစေရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေနိုင်ရင် ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမြသိမ်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုနက မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ ထပ်ဆင့်မေးမြန်းတဲ့မေးခွန်းနဲ့ ကျွန်တော် ရှင်းလင်းဖြေကြားပါမယ်။ အခုနက ဦးသိန်းထွန်းဦးက မေးပါတယ်။ သက်ဆိုင်ရာတာဝန်ရှိတဲ့ရဲတပ်ဖွဲ့ နောက်အမှုစစ်အရာရှိတို့ ရဲတပ်ဖွဲ့မျိုးဆိုတာရှိပါတယ်။ ကျွန်တော်တို့ တိုက်ရိုက်အကြောင်းကြားစာ၊ သမ္မန်စာမထုတ်ဆင့်ဘဲနဲ့ ဘာကြောင့်သက်ဆိုင်ရာဌာနအကြီးအကဲက ထုတ်ဆင့်ပါသလဲဆိုတဲ့မေးခွန်းကို မေးထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က ပြည်သူ့ဝန်ထမ်းတွေကို ကျွန်တော်တို့က သမ္မန်စာထုတ်ဆင့်တဲ့အခါမှာ သက်ဆိုင်ရာ သူ့ကိုအုပ်ချုပ်တဲ့အကြီးအကဲကမှတစ်ဆင့် ထုတ်ဆင့်ရတာကတော့ ထုံးစံပါ။ ဘာကြောင့်လဲဆိုတော့ ဒါက ပြည်သူ့ရဲတပ်ဖွဲ့တွေအပြင် အခြားဝန်ထမ်းတွေလည်း ပြန်လည်ထုတ်ဆင့်ရပါတယ်။ ဘာကြောင့်ထုတ်ဆင့်ရသလဲဆိုတော့ သက်ဆိုင်ရာသက်သေခံလာရောက်မယ့် အရာရှိဟာ သက်ဆိုင်ရာအကြီးအကဲသိဖို့လိုပါတယ်။ သိမှသာလျှင် သူတို့ရဲ့ပျက်ကွက်တဲ့ကိစ္စတွေကိုလည်း စီစဉ်ပေးနိုင်မှာပေါ့။ တစ်ခါတစ်ရံကျတော့လည်း ကျွန်တော်တို့ သက်သေစရိတ်ပေးတယ်ဆိုတဲ့ ကိစ္စများရှိခဲ့လို့ရှိရင်လည်း သက်ဆိုင်ရာဌာနအကြီးအကဲသိမှသာလျှင် ဒီကိစ္စမျိုးတွေကို သူတို့က သက်သေစရိတ်ကိစ္စတွေပါ သူတို့ကဆောင်ရွက်၊ သက်သေစရိတ်က သက်ဆိုင်ရာဌာနက ကျခံရမယ့် ကိစ္စတွေပါ။ ဒီကိစ္စကို သူတို့ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က တရားရုံးများကတော့ သက်ဆိုင်ရာ ကျွန်တော်တို့ ရဲအရာရှိဆိုရင်တော့ သက်ဆိုင်ရာရဲစခန်းမှူးကတစ်ဆင့်လုပ်ပါတယ်။ တခြား ဥပမာ ဆရာဝန်ဆိုလည်း မှူခင်းဆရာဝန်ဆိုလည်း မြို့နယ်ဆရာဝန်ကြီးကတစ်ဆင့် ထုတ်ပါတယ်။ တခြားပြည်သူ့ဝန်ထမ်းသက်သေဆိုရင်လည်း သက်ဆိုင်ရာပြည်သူ့ဝန်ထမ်း အကြီးအကဲကတစ်ဆင့်ထုတ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ရဲ့တရားရုံးက အဲ့လိုပဲထုတ်တာပါ။ ဒါ တရားရုံးထုံးစံ

ပါ။ တိုက်ရိုက်ခေါ်တယ်ဆိုတာကတော့ အမှန်အတိုင်းတော့ ကျွန်တော်တို့က ပြောမယ်ဆိုရင်တော့ ဒီ ၁၀ တစ်ယောက်ဟာ သူက ဒီအမှုမှာတာဝန်ရှိပါတယ်။ ဒီအမှုတရားခံအဖြစ်ရောက်တဲ့သူမှာတာဝန်ရှိတယ်။ ဒါလည်း ကျွန်တော်တို့ လက်ခံတယ်။ သို့သော် သူတို့ကို ကျွန်တော်တို့ခေါ်တဲ့အခါမှာတော့ အဲ့ဒီ နည်းလမ်းနဲ့ပဲခေါ်ပါတယ်။ သူတို့လာရောက်တာ၊ မလာရောက်တာကတော့ သက်ဆိုင်ရာစခန်းမှူးက နေတစ်ဆင့် သူတို့ကအသိပေးပြီးလာရောက်ဖို့ တာဝန်ရှိပါတယ်။ ဒါတော့ မလာရောက်တာတော့ လည်း ကျွန်တော်တို့ မသိနိုင်တဲ့ကိစ္စပါ။ အဲ့ဒီတော့ အခုနက နောက်ဒုတိယတစ်ခါမေးပါတယ်။ အဲ့တော့ တရားရုံးအဆင့်ဆင့်တွေမှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ သက်သေဝန်ထမ်းသက်သေတွေပေါ့လေ။ မှုခင်း ဆရာဝန်တို့၊ အဓိကတော့ မှုခင်းဆရာဝန်တွေ၊ ရဲတပ်ဖွဲ့သက်သေတွေကိုပြောပါတယ်။ သူတို့တွေကို တရားရုံးက တိုက်ရိုက်အကြောင်းကြားစာမထုတ်ဘဲနဲ့ သက်ဆိုင်ရာအမှုသည်တွေကို ဖိအားပေးတဲ့ကိစ္စ ဒါလည်း သာမန်အားဖြင့်တော့ ကျွန်တော်တို့က မသိပါဘူး။ ဒါတွေက ကိုယ်တွေ့ဖြစ်တဲ့ကိစ္စ၊ ဒီတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အခုနက ဆွေးနွေးသွားတဲ့အခါမှာ ဒါ ကျွန်တော်တို့သိရပြီလို့ ပြောလို့ရပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမိန့်ကြော်ငြာစာအမှတ်(၁၁/၂၀၁၁)ဖြင့် မြန်မာ့ဂြိုလ်တုလွှတ်တင်ရေးလုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း သိရသော်လည်း အာကာသစာများ အစိုးရအဖွဲ့အစည်း (Space Agency) ကို ဖွဲ့စည်းပြီး/မပြီးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ Space Agency နဲ့ ပတ် သက်ပြီးတော့မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဆက်သွယ်ရေးနည်းစနစ်များ၊ သတင်းအချက် အလက်ဖြန့်ဝေတဲ့စနစ်များ၊ သဘာဝပတ်ဝန်းကျင်လေ့လာတဲ့စနစ်များ၊ မိုးလေဝသဆိုင်ရာသတင်း အချက်အလက်စနစ်များ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရတဲ့လေ့လာမှုစနစ်များ၊ သစ်တောပြုန်းတီး မှုများ၊ စိုက်ပျိုးရေးတိုးချဲ့မှုများ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ လေ့လာမှုကိစ္စရပ်များနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာဌာနအသီးသီးမှာ ဂြိုလ်တုဓာတ်ပုံတွေအသုံးပြုလျက်ရှိနေပြီဖြစ်ပါ

တယ်။ တက္ကသိုလ်များဖြစ်တဲ့ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်အသီးသီးမှာလည်း ဂြိုလ်တုဓာတ်ပုံနှင့် ပတ်သက်ပြီးတော့ နည်းပညာတွေကို သင်ကြားပို့ချလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ Myanmar Economic Co-operation (MEC) မှာလည်း သူ့ရဲ့ အောက်မှာရှိတဲ့ မြေပုံထုတ်လုပ်ရေး ဌာနမှာ ယနေ့နိုင်ငံတပ်ဆင်ထားတဲ့ **Act Opposition Round Section** ကို ဂြိုလ်တုဓာတ်ပုံများ ရိုက်ကူးဖို့အတွက် အသုံးပြုနေပြီလို့သိရပါတယ်။ ဒီ့အပြင် ကျွန်တော် တို့နိုင်ငံရဲ့အမိန့်ကြော်ငြာစာ အမှတ် (၁၁/၂၀၁၁) နှင့် မြန်မာ့ဂြိုလ်တုလွှတ်တင်ရေးလုပ်ငန်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်းခဲ့တာကို လည်းတွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသတွင်းနိုင်ငံဖြစ်တဲ့ အာဆီယံနိုင်ငံများအတွင်းမှာ ထိုင်း နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ အလားတူ ဗီယက်နမ်နိုင်ငံ၊ စင်္ကာပူ နိုင်ငံတို့မှာလည်း Space Agency များကို ထူထောင်ထားပြီးဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့နိုင်ငံအနေနဲ့ အာကာသ ဆိုင်ရာအဖွဲ့အစည်းများ တည်ရှိမှုမရှိသေးတဲ့အတွက်ကြောင့် နောင်လာမယ့် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်နိုင်တဲ့ဒီအဖွဲ့ကို ဖွဲ့စည်းဖို့မဖြစ်မနေလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ မေးလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံမှာ အမိန့်ကြော်ငြာစာအမှတ်(၁၁/၂၀၁၁) နှင့် မြန်မာ့ဂြိုလ်တုလွှတ်တင်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်း ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း အာကာသဆိုင်ရာ အစိုးရအဖွဲ့အစည်း Space Agency ကို ဖွဲ့စည်းပြီး/မပြီး သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ နှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှ မြန်မာနိုင်ငံတွင် အမိန့်ကြော်ငြာစာအမှတ်(၁၁/၂၀၁၁)ဖြင့် မြန်မာ့ဂြိုလ်တုလွှတ် တင်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်းသိရှိရသော်လည်း အာကာသဆိုင်ရာအစိုးရအဖွဲ့

အစည်း Space Agency ကိုဖွဲ့စည်းပြီး/မပြီး သိရှိလိုသည့်နှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းလာခြင်း ဖြစ်ပါတယ်။ အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စားရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့ အနာဂတ် ကာလမှာ ဆက်သွယ်ရေးကဏ္ဍ၊ ပြန်ကြားရေးကဏ္ဍနှင့် အခြားဆက်စပ်ကဏ္ဍများမှာ နိုင်ငံတော်ရဲ့ နေရာဒေသမရွေး လုံခြုံချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်မှ စီမံထိန်းချုပ် ကွပ်ကဲ နိုင်သည့် နိုင်ငံပိုင်ဆက်သွယ်ရေးဂြိုလ်တုတစ်လုံးလွှတ်တင်နိုင်ရန် နိုင်ငံပိုင်ဆက်သွယ်ရေးဂြိုလ်တု လွှတ်တင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအား အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၁) ဖြင့်ဖွဲ့စည်းခဲ့ပါတယ်။ သို့သော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ယခုအချိန်အထိ အာကာသဆိုင်ရာအစိုးရအဖွဲ့အစည်း Space Agency အား ဖွဲ့စည်းထားခြင်းမရှိသေးပါကြောင်း တင်ပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိသွားသလိုပါပဲ။ အာဆီယံနိုင်ငံများအနက် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ **National Institute of Alonotic and Space (LAPAN)**၊ မလေးရှား နိုင်ငံမှာ National Space Agency (ANGKASA)၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှာ Space Technology Institute(STI)၊ ထိုင်းနိုင်ငံတွင် **Geo Informatics and** Space Technology Development Agency(GISTDA)၊ စင်ကာပူသမ္မတနိုင်ငံမှာ Singapore Space Technology Agency(SSTA)တို့သည် အာကာသနည်းပညာအသုံးပြုမှုနှင့် ဂြိုလ်တုနည်းပညာအပိုင်းတွင် ဦးဆောင်အဖွဲ့အစည်းများဖြစ်ကြပါတယ်။ အလားတူ ကမ္ဘောဒီယားနိုင်ငံ၊ လာအို၊ ပြည်သူ့ဒီမိုကရစ် တစ်သမ္မတနိုင်ငံ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့တွင်လည်း ဂြိုလ်တုနည်းပညာ အသုံးပြုမှုကို တွယ်ကျယ်စွာစတင်ဆောင်ရွက်လျက်ရှိပြီး လာအိုပြည်သူ့ဒီမိုကရစ်တစ်သမ္မတနိုင်ငံ တွင် ဂြိုလ်တုလွှတ်တင်ရေးဌာနတစ်ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီ Cause မှာရှိတဲ့ အာကာသ နည်းပညာနှင့်အသုံးပြုမှုဆပ်ကော်မတီ၊ Sub Committee on Space Technology and Application (SCOST) ဖွဲ့စည်းထားရှိရာ ဒေသတွင်းနိုင်ငံများရှိ အာကာသ Agency များ၊ အာကာ သနည်းပညာအသုံးပြုမှုတာဝန်ခံဌာနများပါဝင်ပြီးတော့ ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်မှာရှိတဲ့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကတော့ မြန်မာနိုင်ငံရဲ့ Focal Point အဖွဲ့အစည်းတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**၂၀၁၄ ခုနှစ်တွင် B-Tech (ခေါ်) နည်းပညာအင်ဂျင်နီယာဘွဲ့သင်တန်းနှင့် B.E (ခေါ်) နည်းပညာအင်ဂျင်နီယာဘွဲ့သင်တန်းအတွက် Entrance (ဝင်ခွင့်) များပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနစ်နာတဲ့ ကျောင်းသားတွေရာပေါင်းများစွာရဲ့ ပေးစာနဲ့သူတို့ရဲ့သတင်းစာရှင်းလင်းပွဲ သူတို့ဖြစ်စေချင်တဲ့အချက်ပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်ဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာကြောင့် ဒီမေးခွန်းကိုမေးရလဲဆိုတာကျတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှာ ဝန်ကြီးသုံးယောက်ပြောင်းပါတယ်။ ဝန်ကြီးတစ်ပါးပြောင်းတိုင်းပြောင်းတိုင်း ပညာရေးစနစ်ကို တစ်မျိုးစီစမ်းသပ်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက် ကျောင်းသားတွေမှာ အင်မတန်နစ်နာလာကြပါတယ်။ အဲဒီတော့ ၂၀၁၁ ခုနှစ် စာသင်နှစ်ကလေးတွေ၊ ၂၀၁၁-၂၀၁၂ စာသင်နှစ်ကလေးတွေကျတော့ အဆင့်မြင့်ပညာရေးမြှင့်တင်မယ်ဆိုတဲ့အကြောင်းပြချက်နဲ့ B-Tech နှင့် B.E ပေါင်းကူးစာမေးပွဲတွေကို တင်းကြပ်စွာစစ်ဆေးတဲ့အတွက် ထောင်ပေါင်းများစွာသောကျောင်းသားတွေက အနည်းငယ်လောက်ပဲဝင်ခွင့်ရပါတယ်။ ၂၀၁၃ ခုနှစ် ဝန်ကြီးပြောင်းတဲ့အခါကျတော့ ကြေးမုံ ၇-၁၂-၂၀၁၃ သတင်းစာမှာ ကန့်ဘလူမြို့နယ် G.T.I အောင်ချက်ကောင်း တက်ရောက်သူအပေါင်း လိုင်းကောင်းဝင်ဆိုပြီးတော့အထိ ကြေးမုံသတင်းစာမှာ ဖော်ပြတဲ့အထိ ကျောင်းသားတွေအားလုံးဟာ အောင်မြင်ကြပါတယ်။ အဲဒီတော့ ၂၀၁၁-၂၀၁၂ ကျောင်းသားတွေအဖို့ဟာ ၂၀၁၃ ကျောင်းသားတွေကြည့်ပြီးတော့ သူတို့ရင်ကွဲရသလို တိုင်းပြည်မှာလည်း ဝန်ကြီးတစ်ခါပြောင်းရင် တစ်ခါလုပ်လိုက်တဲ့ဒဏ်ကို ခံရတဲ့အဖြစ်မျိုးတွေ သူတို့မဖြစ်စေချင်တော့ပါဘူး။ ဒါကြောင့် ဒီမေးခွန်းကိုမေးမြန်းဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းပါမယ်။ (က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်တွင် B-Tech (ခေါ်) နည်းပညာ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် B.E (ခေါ်) အင်ဂျင်နီယာဘွဲ့သင်တန်းအတွက် Entrance (ဝင်ခွင့်) များပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိ။ (ခ) အစီအစဉ်ရှိပါက Entrance (ဝင်ခွင့်) စာမေးပွဲပြုလုပ်ပေးရာတွင်သတ်မှတ်ထားသော အချိန်နှင့်လိုက်လျောညီထွေသော သင်ခန်းစာများကိုသာလေ့လာခွင့်ပေးရန်ဆောင်ရွက်ပေးပါမည်လား။ (ဂ) နည်းပညာတက္ကသိုလ် အင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများဝင်ခွင့်အောင်မြင်ပါက လက်ရှိပြောင်းလဲထားသော B-Tech (ခေါ်) နည်းပညာ အင်ဂျင်နီယာဘွဲ့သင်တန်း

လေးနှစ်၊ B.E (ခေါ်) အင်ဂျင်နီယာဘွဲ့သင်တန်းနှစ်နှစ် စုစုပေါင်း ခြောက်နှစ်ပညာရေးစနစ်တွင် အသုံးဝင်မည်လား။ သို့မဟုတ် ယခင်ပညာရေးစနစ်တွင် အကျိုးဝင်မည်လား။ (ဃ) B-Tech (ခေါ်) နည်းပညာ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် B.E (ခေါ်) အင်ဂျင်နီယာဘွဲ့သင်တန်းအတွက် Entrance (ဝင်ခွင့်) စာမေးပွဲကျင်းပမည့်ရက်ကို လက်ရှိကျောင်းသူ၊ ကျောင်းသားများအတွက် ပြင်ဆင်မှုရရှိရန် အချိန်စောပြီး ကြိုတင်ကြေညာပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း မေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မှ အောက်ဖော်ပြပါမေးခွန်းများမေးမြန်းလာတာကို တွေ့ရပါတယ်။ (က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်မှာ B-Tech (ခေါ်) နည်းပညာ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် B.E (ခေါ်) အင်ဂျင်နီယာဘွဲ့သင်တန်းအတွက် Entrance (ဝင်ခွင့်)ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ အဲဒီမေးခွန်း(က)ကို ဖြေကြားရမယ်ဆိုရင်တော့ ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် အသက်မွေးပညာဦးစီးအောက်မှာရှိတဲ့ နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများမှာ AGTI သင်တန်း နှစ်နှစ်တက်ရောက်ရပြီး Second Year စာမေးပွဲပြီးလို့ရှိရင် အရည်အချင်းပြီးမီပါက B-Tech သင်တန်းသို့လည်းကောင်း၊ B-Tech သင်တန်း နှစ်နှစ်တက်ရောက်ပြီး အရည်အချင်းပြည့်မီပါက B.E သင်တန်းသို့လည်းကောင်းဆက်လက်သင်တန်းတက်ရောက်ခွင့်ရကြပါတယ်။ သတ်မှတ်အရည်အချင်း မပြည့်မီ၍ ဝင်ခွင့်မရရှိသူများအား အခွင့်အရေးပေးသောအားဖြင့် B-Tech နှင့် B.E ဝင်ခွင့် အရည်အချင်းစာမေးပွဲ ထပ်မံဖြေဆိုခြင်းများကို ၂၀၀၇ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင်တစ်ကြိမ် ဝင်ခွင့် စာမေးပွဲများစစ်ဆေးပေးခဲ့ပါတယ်။ ယခု ၂၀၁၄ ခုနှစ်တွင်လည်း ဝင်ခွင့်စာမေးပွဲဖြေဆိုစေ၍ အောင်မြင်သူများအား လာမယ့်ပညာသင်နှစ်မှာ တက်ရောက်ခွင့်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးမည် အစီအစဉ်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(ခ)အနေနဲ့ကတော့ အစီအစဉ်ရှိပါက Entrance (ဝင်ခွင့်) စာမေးပွဲပြုလုပ်ပေးရာတွင် သတ်မှတ်ထားသော အချိန်နှင့်လိုက်လျောညီထွေသော သင်ခန်းစာများကိုသာလေ့လာခွင့်ပေးရန် ဆောင်ရွက်ပေးပါမည်လားလို့မေးတာရှိပါတယ်။ အဲဒီမေးခွန်းကို ကျွန်တော်တို့ ပြန်လည်ဖြေကြားရမယ်ဆိုလို့ရှိရင် အခုနှစ်ဝင်ခွင့် ဖြေဆိုရမယ့်စာမေးပွဲမှာ ယခင်ဝင်ခွင့်စာမေးပွဲများနည်းတူ အင်္ဂလိပ်စာတစ်ဘာသာနှင့် ယခင်သင်ကြားပြီးစီးပြီဖြစ်တဲ့ သက်ဆိုင်ရာ ဘာသာရပ်တစ်ဘာသာ စုစုပေါင်း နှစ်ဘာသာဖြေဆိုရမှာဖြစ်ပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာဘာသာရပ်ဆိုတာ B-Tech ကိုဝင်မယ်ဆိုရင် A.G.T.I Second Year မှာ သင်ကြားတဲ့ဘာသာရပ်တွေကိုပဲ ပြန်ပြီး စုပေါင်းပြီး General မေးခွန်းတစ်ခုမေးခြင်းဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ B.E ကိုဝင်မယ်ဆိုရင်လည်းပဲ B-Tech Second Year မှာ သင်ကြားခဲ့ရတဲ့ဘာသာရပ်တွေကိုလည်း ပြန်ပြီးတော့ စုပေါင်းပြီး General မေးခွန်းတစ်ခု မေးခြင်းဖြစ်ပါတယ်။ ဝင်ခွင့်စာမေးပွဲကျင်းပမည်ဖြစ်ကြောင်း ကြေညာချိန်မှစ၍ စာမေးပွဲဖြေဆိုရမည့် အချိန်ကို ကျွန်တော်တို့ လုံလောက်စွာပေးမှာဖြစ်ပါတယ်။ အနည်းဆုံးလေးလခန့် အချိန်ရရှိမည်ဖြစ်ပါသဖြင့် သင်ခန်းစာများကို ပြန်လည်လေ့လာရန် လုံလောက်သောအချိန်ဖြစ်ပါ ကြောင်းတင်ပြအပ်ပါတယ်။

မေးခွန်း(ဂ)အနေနဲ့ နည်းပညာတက္ကသိုလ် အင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများဝင်ခွင့်အောင်မြင်ပါက လက်ရှိပြောင်းလဲထားသော B-Tech (ခေါ်) နည်းပညာ အင်ဂျင်နီယာ ဘွဲ့သင်တန်း လေးနှစ်၊ B.E (ခေါ်) အင်ဂျင်နီယာဘွဲ့သင်တန်းနှစ်နှစ် စုစုပေါင်း ခြောက်နှစ်ပညာရေးစနစ်တွင် အသုံးဝင်မည်လား။ သို့မဟုတ် ယခင်ပညာရေးစနစ်တွင် အကျုံးဝင်မည်လားဟုမေးခွန်းမေးမြန်းထားတာရှိပါတယ်။ အဲဒီမေးခွန်းနှင့်စပ်လျဉ်းပြီး အခုသင်ကြားနေတဲ့ အင်ဂျင်နီယာပညာရေးစနစ်မှာ ကျွန်တော်တို့ တက္ကသိုလ်ဝင်ခွင့် ကြေညာချက်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်များမှာ ကြေညာထားပြီးဖြစ်တဲ့ သင်ကြားနေတဲ့ ပညာရေးစနစ်သတ်မှတ်ချက်များအတိုင်းသာဖြစ်ပြီး ပြောင်းလဲမှုတစ်စုံတစ်ရာမရှိပါသဖြင့် ယခင်ဝင်ခွင့်အောင်မြင်ပြီးသူများနည်းတူ သက်ဆိုင်ရာသင်တန်းများသို့တက်ရောက်ခွင့်ရှိမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

မေးခွန်း(ဃ)အနေနဲ့ B-Tech (ခေါ်) နည်းပညာ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် B.E (ခေါ်) အင်ဂျင်နီယာဘွဲ့သင်တန်းအတွက် ပြင်ဆင်မှုရရှိစေရန် အချိန်စောပြီး ကြိုတင်ကြေညာပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာမှာဖွင့်လှစ်မည့် ပညာသင်နှစ်မှာ ဝင်ရောက်ရမှာဖြစ်တဲ့အတွက် အဲဒီမတိုင်ခင် ကြိုတင်

ပြီးတော့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင်ဝင်ခွင့်စာမေးပွဲများနည်းတူ လုံလောက်သောပြင်ဆင်ချိန်ရရှိစေရန်အတွက် မကြာမီကြေညာပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့တွင် ဖွင့်လှစ်ထားသည့် အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်လုံ) ကျောင်းဝင်းခြံစည်းရိုး အုတ်တံတိုင်းကာရံပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့မှာ ဖွင့်လှစ်ထားရှိတဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)မှာ ဒေသခံတိုင်းရင်းသားမိဘပြည်သူများရဲ့ သားသမီးများ ပညာသင်ကြားလျက်ရှိပါတယ်။ အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ပေးခဲ့တဲ့အတွက်ကြောင့် ဒေသခံကျောင်းသားကျောင်းသူများမှ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းသင်ပညာဘာသာရပ်များကို စာတွေ့လက်တွေ့ဆည်းပူးလေ့လာသင်ကြားရတဲ့အတွက်ကြောင့် မိဘပြည်သူများမှ များစွာဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်လျက်ရှိပါတယ်။ မိဘပြည်သူများမှာ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းဝင်းခြံစည်းရိုးအုတ်တံတိုင်း ကာရံပေးစေလိုသော ဆန္ဒသဘောထားများက သိရှိရပါသဖြင့် ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာသို့ အောက်ပါမေးခွန်းကို တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့မှာ ဖွင့်လှစ်ထားတဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)ကို ကျောင်းဝင်းခြံစည်းရိုး အုတ်တံတိုင်းကာရန် အစီအစဉ်ရှိ/မရှိသိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါ၍ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်အောင်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီမေးမြန်းတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့တွင်ဖွင့်လှစ်ထားသည့် အစိုးရနည်းပညာအထက်တန်း ကျောင်း(ပင်လုံ) ကျောင်းဝင်းခြံစည်းရိုး အုတ်တံတိုင်းကာရံပေးရန် အစီအစဉ်ရှိ/မရှိဆိုသည့်မေးခွန်းကို ဖြေကြား ရှင်းလင်းမှာဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှာ လုံခြုံရေးအရ ခြံစည်းရိုးကာရံခြင်း၊ သံပန်းသံတံခါး များတပ်ဆင်ခြင်းနှင့် သွားလာမှုလွယ်ကူစေရန် လမ်းများကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာ တက္ကသိုလ်များမှ စီမံခန့်ခွဲရေးအဖွဲ့များဖြင့် သေချာစွာလေ့လာစိစစ်၍ ဘဏ္ဍာငွေလျာထားနိုင်ရေး အတွက် အသေးစိတ်ကုန်ကျစရိတ်များအား ကျွန်တော်တို့တောင်းခံခဲ့ပါတယ်။ ဘဏ္ဍာငွေသုံးစွဲမှုဘောင် အတွင်းမှ ဆောင်ရွက်ပေးရန်စီစဉ်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)ဟာ ၂၀၀၉ ခုနှစ်၊ မေလ ၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ပင်လုံကျောင်းရဲ့ကျောင်းမြေ ဧရိယာဟာ ၁၀.၀၂၂ ဧကကျယ်ဝန်း၍ ခြံစည်းရိုးကာရံမည့် Running Feet ပေအရှည်သည် ၃၄၈၄ ပေရှိပြီး Chain link Fencing ဖြင့် ခြံစည်းရိုးကာရံမည်ဆိုပါက ကျပ်သန်း ၁၅.၂၅၆ ခန့်ရှိကြောင်း စိစစ်တွက်ချက်ထားပြီးဖြစ်ပါတယ်။ ယခုဒီမှာ တင်ပြလိုတဲ့အချက်တစ်ခုကတော့ အစိုးရနည်းပညာ အထက်တန်းကျောင်း(ပင်လုံ)အတွက် နိုင်ငံတော်မှရရှိထားတဲ့မြေ ၁၀.၀၂၂ ဧကမှာ ဗဟိုစိုက်ပျိုးရေး ကော်မရှင်ရဲ့အစီရင်ခံစာများတွင် ပါဝင်မှုမရှိသော်လည်း လယ်သမားအချို့မှ ဝင်ရောက်စပါးစိုက်ပျိုး မှုရှိနေပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးမှ လယ်သမားများနှင့် တွေ့ဆုံဆွေးနွေး၍ အစားထိုးမြေနေရာပေးခြင်း၊ လျော်ကြေးပေးခြင်းဖြင့် ညှိနှိုင်းခဲ့ရာ ပြေလည်မှုမရရှိသေးကြောင်း သိရှိ ရပါတယ်။ အဲ့ဒီမြေကွက်များဟာ အဆောက်အအုံမရှိသေးသော်လည်းပဲ သိပ္ပံနှင့်နည်းပညာအထက် တန်းကျောင်းရဲ့ Zoning Plan အရ ကျောင်းသားများအတွက် ကစားကွင်းနှင့် ဆရာဆရာမများ အဆောင် ဆောက်လုပ်ရန်လျာထားမြေနေရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီမြေနေရာပြဿနာကို

ဝိုင်းဝန်းဖြေရှင်းရန်လိုအပ်ပြီးတော့ ဖြေရှင်းပြီးပါက ခြံစည်းရိုးကာရံခြင်းအတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေခွင့်ပြုချိန် သို့မဟုတ် လွှဲပြောင်းသုံးစွဲ၍ရရှိတဲ့အချိန်မှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကိုမိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဆွမ်ပရာဘွမ်မြို့နယ်တွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် တာဝန်ကျသောဌာနဆိုင်ရာများမှ ပြည်သူများကိုကြည့်ရှုစောင့်ရှောက်ရာတွင် ပူးပေါင်းအသုံးပြုနိုင်ရန် Pajero နှစ်စီး၊ Four Wheel နှစ်စီးနှင့် မီးသတ်ကားတစ်စီးအား စီစဉ်ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခမိုင်မုံကွမ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမိုင်မုံကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသောဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေ့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ် (ခေါ်) ဒူဝါခမိုင်တန် ဖြစ်ပါတယ်ခင်ဗျား။ ကြယ်ပွင့်ပြအဆိုမေးခွန်းအဖြစ် တောင်းခံလိုသောကဏ္ဍများမှာ ဆွမ်ပရာဘွမ်မြို့နယ် မြို့အင်္ဂါနဲ့ညီညွတ်စေတဲ့အတွက်

တာဝန်ကျဌာနဆိုင်ရာများအနေဖြင့် ပြည်သူများကိုကြည့်ရှုစောင့်ရှောက်ရာတွင် ပူးပေါင်းအသုံးပြုနိုင်ရေးအတွက် Pajero နှစ်စီး၊ Four Wheel နှစ်စီး၊ မီးသတ်ကားတစ်စီးအား စီစဉ်ချမှတ်ဆောင်ရွက်ပေးပါရန် တောင်းခံတင်ပြလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဤလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်အများအပြားအနေဖြင့် နယ်စပ်ဒေသမှ တာဝန်ကျဌာနဆိုင်ရာများအနေဖြင့် ဖွံ့ဖြိုးရေးအတွက် ကူညီတင်သွင်းထားသော ကားများမှာ များပြားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ကြောင်းနဲ့ အန္တရာယ်များပြားကြောင်း တင်ပြလျက်ရှိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိမိမဲဆန္ဒနယ်ဖြစ်သော ဆွမ်ပရာဘွမ်မြို့နယ်မှာ ဌာနဆိုင်ရာများနဲ့ လုပ်ငန်းရှင်များ၏ အလျင်အမြန်သွားလာနိုင်သော အချောစီးကားဆိုသည်မှာ မရှိသေးသည်ကို တွေ့ရှိရပါတယ်ခင်ဗျား။ နိုင်ငံတော်အကြီးအကဲများအနေဖြင့် ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်ရှိ ချွတ်ခြုံကျ၍ ဆင်းရဲနွမ်းပါးနေသော တိုင်းရင်းသားမိဘပြည်သူများထံသို့ လာရောက်ကြည့်ရှုအားပေးမည်ဆိုရင်လည်း ခရီးဦးကြိုဆိုရန်နှင့် လမ်းလိုက်ပြလည်ပတ်ကြည့်ရှုရန်အတွက် အချောစီးကားများမှာမရှိသေးသဖြင့် ခြေလျင်ဖြင့်သာလိုက်ပြရမှာဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ဌာနဆိုင်ရာများဖြစ်သော အုပ်ချုပ်ရေးဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ ဆောက်လုပ်ရေးဌာန၊ စိုက်ပျိုးမွေးမြူရေးဌာနအနေဖြင့် ပြည်သူများကိုကြည့်ရှုစောင့်ရှောက်ရာတွင် ပူးပေါင်းအသုံးပြုနိုင်ရေးအတွက် Pajero နှစ်စီး၊ Four Wheel နှစ်စီး၊ မီးသတ်ကားတစ်စီးအား စီစဉ်ချမှတ်ဆောင်ရွက်ပေးပါရန် အကူအညီတောင်းခံတင်ပြအပ်ပါတယ်ခင်ဗျား။ အထက်ပါတင်ပြတောင်းခံမေးမြန်းခြင်းအပေါ် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဘယ်အချိန်၊ ဘယ်အခါမှာ ကူညီပံ့ပိုးပေးမည်ကို သိလိုပါသဖြင့် ဖြေကြားပေးပါရန် ဤပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြတောင်းခံခြင်းများနှင့် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကချင်

ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော်က ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်ဟာ မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်၊ မြို့ပေါ်အိမ်ခြေ ၁၂၉ လုံး၊ မြို့ပေါ်အိမ်ထောင်စု ၁၁၁ စု၊ မြို့ပေါ်လူဦးရေ ၇၃၄ ဦး၊ ဌာနဆိုင်ရာအဆောက်အဦ ၁၈ လုံးရှိတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ပုံငွေရရှိမှုနှင့်ပတ်သက်ပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လမှာ တပ်ရင်းတပ်ဖွဲ့များနှင့် ဦးစီးဌာနများရဲ့ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံခဲ့ပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာ ရေးနှစ် ဒုတိယခြောက်လမှစ၍ အချို့ဦးစီးဌာနမှလွဲပြီး တပ်ဖွဲ့/ဦးစီးဌာနများရဲ့ ဘတ်ဂျက်ဆိုင်ရာကိစ္စ ရပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြတောင်းခံဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းခဲ့တဲ့ Pajero နှစ်စီး၊ Four Wheel ယာဉ်များနှစ်စီးရရှိရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်ဆိုင်ရာစီမံခန့်ခွဲမှုဖြင့်သာ လျာထားဆောင်ရွက်ရတာဖြစ်တဲ့အတွက် ရေးဆွဲပြီး တော့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဆွမ်ပရာ ဘွမ်မြို့နယ်ဟာ ၂၀၁၁ ခုနှစ် မူလဖွဲ့စည်းပုံအရ နှစ်ယူနစ်အဆင့်မီးသတ်စခန်း ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိ ထားပေမယ့် လက်ရှိအခြေအနေမှာ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၇ ဦးသာရှိပြီးတော့ သန္ဓေမီးသတ်တပ်ဖွဲ့ ဝင်နဲ့ မီးသတ်စခန်းများမရှိပါ။ မြို့နယ်မီးသတ်စခန်း မြေနေရာရရှိရေးအတွက်ကို ကချင်ပြည်နယ်၊ မီးသတ်ဦးစီးရုံး ဌာနမှူးရုံးက ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက် ရက်စွဲပါစာအမှတ်၊ ၂၀၃/၁၅/၇ ဦး ၁ ဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ဆွမ်ပရာဘွမ်မြို့နယ်ဟာ ဖွဲ့စည်းပုံအရ မီးသတ်ယာဉ်နှစ်စီးထားရှိရမှာဖြစ်လို့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှာ ဂျပန်နိုင်ငံလုပ် ဂါလံ ၄၀၀ ဆံ့ နီဆန်းဆာဖာရီ မီးငြိမ်းသတ်ယာဉ်တစ်စီးကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပေးခဲ့ပြီး ဖြစ်ပေမယ့်လည်း ကချင်ပြည်နယ်ဝန်ကြီးချုပ်က နယ်မြေလုံခြုံရေးအခြေအနေအရ မြစ်ကြီးနားမြို့ နယ် မီးသတ်စခန်းမှာပဲထားရှိရန်လမ်းညွှန်ခဲ့လို့ အဆိုပါယာဉ်အား မြစ်ကြီးနားမြို့မှာပဲရှိနေခဲ့ပါတယ်။ ဒါပေမယ့်လည်း ယခုမှာ မီးငြိမ်းသတ်ယာဉ်ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ပြည်နယ် အစိုးရအဖွဲ့ရဲ့အစီအစဉ်နဲ့ ပို့ဆောင်ပေးခဲ့ပြီး ဆွမ်ပရာဘွမ်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့သို့ လွှဲပြောင်း ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်တိုင်းမှာ ဦးစီးအရာရှိဦးစီးအင်အား ကိုးဦးပါဝင်တဲ့ မြို့နယ်ဦးစီးဌာနမှူးရုံးတစ်ရုံးနဲ့ ဒုတိယ

မီးသတ်ဦးစီးမှူးဦးစီးအင်အား ၂၈ ဦး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေယာဉ်တစ်စီး၊ မီးသတ်စက်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်လေးစီးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်းတစ်ခုတို့ဖြင့် တာဝန်ချထားရန်အတွက် နိုင်ငံတော်သို့ ဖွဲ့စည်းပုံခွင့်ပြုမိန့်တောင်းခံထားရှိခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၃၄/၂၀၁၃)ဖြင့် ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့အတွက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များခန့်ထားရေးအတွက်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံခွင့်ပြုမိန့်နဲ့အညီ ဆွမ်ပရာဘွမ်မြို့နယ် မီးသတ်စခန်းရဲ့လိုအပ်ချက်များ ဖြည့်တင်းပေးနိုင်ရန်အတွက် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးမှ ပြည်နယ်အစိုးရအဖွဲ့သို့ နှစ်အလိုက်ဘဏ္ဍာငွေ ခွင့်ပြုမိန့်တင်ပြတောင်းခံကာ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်အစိုးရ၏ ရဲတပ်ရင်းအမှတ်(၃၂) တည်ဆောက်ရန် အသုံးပြုခွင့်ပေးထားသော မြေ ၂၀၂.၂၀ ဧကနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နဲ့ ခုနှစ်မိုင်လောက်ဝေးကွာပြီးတော့ ကျောက်ဖြူ-ရန်ကုန်ကားလမ်းမဘေးမှာတည်ရှိတဲ့ အုန်းတောကျေးရွာအုပ်စုမှာ ရဲတပ်ရင်းအမှတ်(၃၂) တည်ဆောက်ဖို့ဆိုပြီးတော့ မြေဧက ၂၀၂.၂၀ ဧက သိမ်းဆည်းခံရတဲ့ကိစ္စနဲ့ပတ်သက်တဲ့မေးခွန်းအချို့ကို မေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် အုန်းတောကျေးရွာအုပ်စု ပြိုင်းစေ့ကေတောကွင်း ကွင်းအမှတ်(၄၆၆)မှာရှိတဲ့ မြေလွတ်၊ မြေရိုင်း၊ ၂၀၂.၂၀ ဧကကို ရဲတပ်ရင်းအမှတ်(၃၂) တည်ဆောက်ရန်အတွက် အသုံးပြုရန်ခွင့်ပြုကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၁၉-၉-၂၀၁၃ နေ့စွဲပါစာအမှတ်၊ ၀၃/၅-၁/အဖရ ရခိုင် ဖြင့် ခွင့်ပြုခဲ့ပါတယ်။ အဲ့လိုခွင့်ပြုတဲ့ခွင့်ပြုချက်ကို မကျေနပ်ကြောင်း ဖော်ပြပါမြေများကို ပြေစာမဲ့၊ ပြေစာရှိ လက်ရှိ၊ လက်ငုတ်လုပ်ကိုင်နေကြတဲ့ အုန်းတောကျေးရွာ၊ ဝတ်ဆံကျေးရွာ၊ ပြိုင်းစေ့ကေကျေးရွာက တောင်သူလယ်သမား ၁၃၃ ဦးက ၁၈-၁၁-၂၀၁၃ နေ့ရက်မှာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံကို လတ်မှတ်ရေးထိုးကန့်ကွက်တိုင်ကြားခဲ့ကြပါတယ်။ ကန့်ကွက်စာမိတ္တူများကို ပြည်ထောင်စုဝန်ကြီးဌာနများအပါအဝင်

ပုဂ္ဂိုလ်အဖွဲ့အစည်း ၂၃ ဦးထံသို့ ပေးပို့ခဲ့ပါတယ်။ ကျွန်တော့်ဆီကိုလည်း မိတ္တူတစ်စောင်ပေးပို့လို့ လက်ခံရရှိခဲ့ပါတယ်။ အထက်ဖော်ပြပါမြေကွက်ကို ရဲတပ်ရင်းအမှတ်(၃၂) တည်ဆောက်ရန် သိမ်းယူခြင်းကြောင့် မိမိတို့နစ်နာဆုံးရှုံးလျက်ရှိကြောင်း အကူအညီပေးရန်ဆိုပြီးတော့ ကျွန်တော့်ဆီကို ၃၀-၁၁-၂၀၁၃ ရက်နေ့မှာ အထက်ဖော်ပြပါလယ်သမား ၁၃၃ ဦးတို့က အကူအညီတောင်းတဲ့စာလာပို့ကြပါတယ်။ ရဲတပ်ရင်းအမှတ်(၃၂)တည်ဆောက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကခွင့်ပြုထားတဲ့ ဒီမြေနေရာကို ကျွန်တော်ကိုယ်တိုင် ၄-၁၂-၂၀၁၃ ရက်နေ့က သွားရောက်ပြီးတော့ ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ ရဲတပ်ရင်းအမှတ်(၃၂)တည်ဆောက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုထားတဲ့မြေနေရာမှာ ရောက်ရှိနေကြတဲ့ဒေသခံတောင်သူလယ်သမားတွေ၊ အုန်းတောကျေးရွာ အုပ်ချုပ်ရေးမှူးပါ တွေ့ဆုံစကားပြောခွင့်လည်းရခဲ့ပါတယ်။ ဒီနေရာမှာ မြေကြီးရှင်းလင်းလုပ်ကိုင်ခွင့်တင်ဒါရထားတဲ့ ကုမ္ပဏီလုပ်သားတွေကိုလည်း တွေ့ခဲ့ကြရပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဖော်ပြပါမြေ ၂၀၂.၂၀ ဧကမြေသည် မြေလွတ်၊ မြေရိုင်းလို့ ဖော်ပြထားသော်လည်း လက်ရှိဖြစ်ရပ်အမှန်မှာတော့ ဒီမြေတွေဟာမြေလွတ်၊ မြေရိုင်းမဟုတ်ကြပါဘူး။ လယ်မြေတွေနဲ့ ဒီလယ်မြေများကို လုပ်ကိုင်နေကြတဲ့လယ်သမားတွေကိုယ်တိုင် တစ်နည်းမဟုတ်တစ်နည်း လက်ရှိအသုံးပြုနေတဲ့မြေတွေဖြစ်တယ်ဆိုတာ ကျွန်တော်ကိုယ်တိုင်တွေ့ရှိခဲ့ရပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၁၉-၉-၂၀၁၃ နေ့စွဲပါ စာအမှတ်၊ ၀၃/၅-၁/အဖရ ရခိုင် ဖြင့် မြေသုံးစွဲခွင့်ပြုတဲ့စာပိုဒ်ရဲ့ အပိုဒ် ၁ ပါ ခမရ (၅၄၃) တပ်ရင်းက ရော်ဘာစိုက်ပျိုးရန်မြေဧက ၂၀ ဆိုတာလည်း အမှန်တကယ်တော့ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိပါဘူး။ မူလလက်ရှိတောင်သူလယ်သမားတွေကပဲ မူလအတိုင်းလက်ရှိအသုံးပြုနေကြတဲ့ မြေတွေဖြစ်တယ်ဆိုတာ ကျွန်တော်ကိုယ်တိုင်တွေ့ရှိခဲ့ရပါတယ်။ ဒေသခံတောင်သူလယ်သမားတွေရဲ့တင်ပြချက်အရ အဲ့ဒီလယ်မြေတွေကိုသိမ်းယူဖို့အတွက် မည်သည့်အဖွဲ့အစည်းကမှလာရောက်ပြီး အသိပေးခြင်း၊ ပြောကြားဖူးခြင်းမရှိကြောင်း ကုမ္ပဏီတွေက မိမိတို့ရဲ့လယ်မြေတွေကို အတင်းဝင်ရောက်ပြီးတော့ သစ်ပင်တွေကိုခုတ်ထွင်ရှင်းလင်းတဲ့အခါမှသာ မိမိတို့မြေတွေကို မတရားသိမ်းဆည်းခံရကြောင်း သိရပါတယ်လို့ ကျွန်တော်ကို ပြောပြလို့သိရှိခဲ့ရပါတယ်။ အဲ့ဒီမြေ ၂၀၂.၂၀ မြေဟာ ဒိုးတန်းတောင်၊ ခေါင်းဆိပ်တောင်၊ ငတုန်းချောင်၊ နဂါးတောင် စတဲ့တောင်ကုန်းမြေများနဲ့ ဒီတောင်ကုန်းများအတွင်း လယ်မြေများဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ကန့်ကွက်လျှောက်ထားကြသူများတင်ပြသကဲ့သို့ လက်ရှိအသုံးပြုနေကြတဲ့မြေများဖြစ်တဲ့အတွက်ကြောင့် မြေလွတ်၊ မြေရိုင်းလို့ သတ်မှတ်သိမ်းယူခြင်းမျိုးမပြုလုပ်သင့်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ်ဟာဆိုလို့ရှိရင် ရမ်းဗြဲကျွန်းမကြီးပေါ်မှာ မြေဧရိယာတစ်ဝက်လောက်ပဲရှိပါတယ်။ ကျန်တဲ့တစ်ဝက်ကတော့ အရှေ့ဘက်ကျွန်းတန်းမှာရှိပါတယ်။ အခုအခါမှာ ကျောက်ဖြူမြို့နယ်မှာ ဓညဝတီရေတပ်ဌာနချုပ်အပါအဝင် ရေတပ် တပ်ရင်းတပ်ဖွဲ့များ၊ ခလရ (၃၄)၊ ခမရ (၅၄၂)၊ ခမရ (၅၄၃) စတဲ့ ကြည်းတပ် တပ်ရင်းတပ်ဖွဲ့များတည်ဆောက်ထားခြင်း၊ သဘာဝဓာတ်ငွေ့သန့်စင်စက်ရုံတည်ဆောက်ခြင်း၊ ဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်းများ တည်ဆောက်ခြင်း၊ ရေနံတင်ဆိပ်ကမ်းတည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း စသည့်လုပ်ငန်းတွေအတွက် မြေဧက ထောင်ချီပြီးတော့ သိမ်းယူအသုံးပြုနေကြပါတယ်။ တစ်ဖက်မှာ လယ်ယာမြေတွေနဲ့ အခြားမြေတွေကိုလုပ်ငန်းအမျိုးမျိုးအတွက် သိမ်းဆည်းခံရနေပေမယ့်လည်း အခြားတစ်ဖက်မှာ လယ်ယာမြေဖော်ထုတ်ပေးခြင်းမရှိပါဘူး။ သို့သော်လည်း ကျောက်ဖြူမြို့ရဲ့လူဦးရေဟာ နှစ်စဉ်တိုးပွားလျက်ရှိတယ်။ တာဝန်ရှိအဖွဲ့အစည်းတွေအနေနဲ့ မြေယာများသိမ်းယူခွင့်ပြုတဲ့အခါ ဒီအခြေအနေတွေကို အထူးအလေးထားရန် လိုအပ်ပါကြောင်းလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ ကျောက်ဖြူ-ရန်ကုန်ကားလမ်းမကြီးပေါ်မှာ ကျောက်ဖြူမြို့က မိုင် ၄၀ ကျော်လောက်ဝေးတဲ့ ရမ်းဗြဲမြို့နယ် ပိန္နဲတောင်မှာ တပ်မတော်(ရေ)က ရော်ဘာစိုက်ခင်းတစ်ခုရှိပါတယ်။ ဒီရော်ဘာစိုက်ခင်းကတော့ အင်ဂျင်နီယာ ဦးမောင်တင် ဆီကသိမ်းထားတဲ့ ရော်ဘာစိုက်ခင်းလို့ သိရပါတယ်။ ရဲတပ်ရင်းအမှတ်(၃၂)ကို အဲ့ဒီနေရာမှာနေရာချထားပေးမယ်ဆိုလို့ရှိရင် ကျောက်ဖြူ-ရန်ကုန်ကားလမ်းမကြီးရဲ့ ကျွန်းကမ်းနယ်မြေလုံခြုံရေးကို များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ကျောက်ဖြူမြို့မှာ ရှေးအကျဆုံးနဲ့ စစ်သည်အင်အား ၇၀၀ လောက်တာဝန်ထမ်းဆောင်နေကြတဲ့ ခလရ (၃၄) တပ်ရင်း အခုအချိန်ထိ ကျောက်ဖြူမြို့မှာရှိပါတယ်။ ခလရ (၃၄) တပ်ရင်းအတွက် သိမ်းယူထားတဲ့မြေဟာ ကျွန်တော်သိရသလောက် မြေဧက ၄၀ ကျော်လောက်ပဲရှိပါတယ်။ အသစ်ဖြစ်တဲ့ ခမရ (၅၄၂)၊ ခမရ (၅၄၃) တပ်ရင်းတွေမှာ စစ်သည်အင်အား ကျွန်တော်သိရသလောက်၊ ကြားသိရသလောက် ၂၀၀ ကျော်ခန့်ပဲရှိတယ်လို့ သိရပါတယ်။ ဒါပေမယ့် ဒီတပ်ရင်းတွေအတွက် မြေဧက ၂၀၀ ကျော် သိမ်းယူထားတဲ့ကိစ္စတွေကို တွေ့ရပါတယ်။ ရဲတပ်ရင်းအမှတ် (၃၂)အတွက် သိမ်းယူခွင့်ပြုထားတဲ့မြေ ၂၀၂.၂၀ ဧကဟာ အမှန်တကယ်လိုအပ်တဲ့ မြေတွေထက်ပိုတယ်လို့ ကျွန်တော်က သဘောရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ်မှာ အခုအခါမှာ အထူးစီးပွားရေးဇုန်တည်ဆောက်ရန်ဆောင်ရွက်လျက်ရှိပါတယ်။ မြေယာအများအပြားလည်း သိမ်းယူအသုံးကြဦးမှာဖြစ်ပါတယ်။ ဒီလိုမြေ

ယာအများအပြားသိမ်းယူပြီးတော့ အထူးစီးပွားရေးဇုန်တည်ဆောက်နိုင်ပါမှလည်း ဒေသဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျောက်ဖြူမြို့နယ်အပါအဝင် ရခိုင်တစ်ပြည်နယ်လုံးဟာ တစ်နိုင်ငံလုံးမှာ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အဖက်ဖက်မှ အနိမ့်ကျဆုံးအဖက်မှာရှိနေပါတယ်။ ကျောက်ဖြူမြို့နယ်မှာ လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ မြို့နယ်၊ ခရိုင် ရဲတပ်ဖွဲ့များဖြင့် ရေကြောင်းရဲတပ်ဖွဲ့လည်း ထပ်မံထားရှိဦးမှာဖြစ်ပါတယ်။ ကျောက်ဖြူမြို့မှာ ညေဝတီရေတပ်ဌာနချုပ်အပါအဝင် ရေတပ်ရင်းတပ်ဖွဲ့များ ခလရအပါအဝင် ခမရ (၅၄၂)၊ ခမရ (၅၄၃) စတဲ့ ကြည်းတပ် တပ်ရင်းတပ်ဖွဲ့များရှိတဲ့အတွက်ကြောင့် လုံခြုံရေးအတွက် စိုးရိမ်စရာအခြေအနေမပေါ်ပေါက်နိုင်ပါဘူး။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးစီးပွားရေးဇုန်ထူထောင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမယ့်ဒေသ ဖြစ်ပါတယ်။ ဒါ့ကြောင့် အောက်ပါမေးခွန်းအချို့ကို မေးမြန်းလိုပါတယ်။ မေးခွန်းများကတော့-

နံပါတ်(၁) ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၁၉-၉-၂၀၁၃ နေ့စွဲပါစာအမှတ်၊ ၀၃/၅-၁/အဖရ ရခိုင်ဖြင့် ရဲတပ်ရင်းအမှတ်(၃၂) တည်ဆောက်ရန် အသုံးပြုခွင့်ပေးထားသည့်မြေ ၂၀၂.၂၀ ဧကသည် အမှန်တကယ်မြေပြင်၌ မြေလွတ်၊ မြေရိုင်းဟုတ်မဟုတ်ကို ကန့်ကွက်လျှောက်ထားကြသူ လယ်သမား ၁၃၃ ဦး နားလည်သဘောပေါက်အောင် ပွင့်လင်းမြင်သာသည့်နည်းဖြင့် ရှင်းလင်းပေးနိုင်ပါမည်လား။ မေးခွန်းနံပါတ်(၂) ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၁၉-၉-၂၀၁၃ ရက်စွဲပါစာဖြင့် ရဲတပ်ရင်းအမှတ်(၃၂) တည်ဆောက်ရန် အသုံးပြုခွင့်ပေးထားသည့်မြေ ၂၀၂.၂၀ ဧကသည် မြေလွတ်၊ မြေရိုင်းအဖြစ် သိမ်းယူမည်ဆိုပါက တည်ဆဲဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်တယ်လို့ ပွင့်လင်းမြင်သာသည့်နည်းလမ်းများဖြင့် ကန့်ကွက်လျှောက်ထားကြသူ လယ်သမား ၁၃၃ ဦးကို ရှင်းလင်းပေးနိုင်ပါမည်လား။ မေးခွန်းနံပါတ်(၃) ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရဲတပ်ရင်းအမှတ်(၃၂) တည်ဆောက်ရန် ယခုခွင့်ပြုထားသောမြေမှအပ အခြားမြေယာတစ်ခုခု ဥပမာဆိုလို့ရှိရင် ကျောက်ဖြူ-ရန်ကုန်ကားလမ်းမဘေးမှာရှိတဲ့ ပိန္နဲတောင်တပ်မတော်(ရေ) ရော်ဘာစိုက်ခင်းလိုနေရာမျိုးကို ရွေးချယ်ပေးနိုင်ပါမည်လား။ နံပါတ်(၄) ရဲတပ်ရင်းအမှတ်(၃၂)တည်ဆောက်ရန်သိမ်းဆည်းသည့် မြေသိမ်းဆည်းသည့်အခါ ရဲတပ်ရင်းအတွက် အနည်းဆုံးလိုအပ်သည့်မြေ ဥပမာ ခလရ(၃၄) တပ်ရင်းအတွက် မြေဧက ၄၀ ခန့်သာ သိမ်းယူခဲ့တဲ့နမူနာမျိုးကို ပြုလုပ်သင့်သည်ဆိုတာမှန်ပါသလား။ မေးခွန်းနံပါတ်(၅) ရဲတပ်ရင်းအမှတ်(၃၂)အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က အသုံးပြုခွင့်ပေးထားသည့်မြေများကို သိမ်းယူမည်ဆိုပါက လက်ရှိအသုံးပြုနေသူများကို လျော်ကြေးပေးရန်

အစီအစဉ်ရှိ/မရှိနှင့် လျော်ကြေးပေးမည်ဆိုပါကလည်း မည်ကဲ့သို့ပေးလျော်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ကပဲ ဆက်လက်ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ပထမမေးခွန်းဖြစ်တဲ့ အမှတ်(၃၂) ရဲတပ်ရင်းတည်ဆောက်ရန် အသုံးပြုခွင့်ပေးထားတဲ့ မြေ ၂၀၂.၂၀ ဧကဟာ အမှန်တကယ်မြေပြင်၌ မြေလွတ်မြေရိုင်း သို့မဟုတ် ကန့်ကွက်လျှောက်ထားကြသူလယ်သမား ၁၃၃ ဦး နားလည်သဘောပေါက်အောင် ပွင့်လင်းမြင်သာသော နည်းလမ်းနဲ့ ရှင်းလင်းပေးနိုင်မည်လား မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၃၂) ရဲတပ်ရင်းတည်ဆောက်ရန် အသုံးပြုခွင့်ပေးထားတဲ့ မြေဧရိယာ ၂၀၂.၂၀ ဧကဟာ ကျောက်ဖြူမြို့နယ် အုန်းတောကျေးရွာအုပ်စု ကွင်းအမှတ် ၄၆၆ ရှိမြေကွက်အမှတ် (၂၈၉၈၊ ၃၀၁၁၊ ၃၀၂၅၊ ၃၁၅၁၊ ၃၁၉၈ နှင့် ၃၂၀၆)တို့မှာ တည်ရှိပါတယ်။ ၎င်းမြေနေရာကို မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အုန်းတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ပါဝင်တဲ့ကွင်းဆင်းအဖွဲ့ စိစစ်တွေ့ရှိချက်အရ သစ်တောကြိုးဝိုင်းနှင့် စားကျက်မြေများအတွင်း ကျရောက်မှုမရှိခြင်း နှစ်ရှည်ဥယျာဉ်ခြံစိုက်ပျိုးခြင်းနှင့် စီမံကိန်းသီးနှံ စိုက်ပျိုးထားမှုမရှိခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပြည်နယ်မြေစာရင်းဦးစီးဌာနမှလည်း အဆိုပါလျှောထားမြေဟာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဖြစ်ခြင်း၊ လျှောက်ထားမြေဟာ လက်ရှိ၊ လက်ငုတ်လုပ်ကိုင်သူများမရှိဘဲ သဘာဝပေါက်ပင်များ ခြုံနွယ်များပေါက်ရောက်လျက်ရှိခြင်း၊ ယခင်က လုပ်ကိုင်ခွင့်ချထားပေးခြင်း၊ ယှဉ်ပြိုင်လျှောက်ထားခြင်းနှင့် မြေထပ်ခြင်းများမရှိခြင်းတို့ကြောင့်လည်းကောင်း၊ အစိုးရမှခွင့်ပြုသော ဥပဒေနှင့်ညီညွတ်တဲ့ အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် တင်ပြလျှောက်ထားတဲ့မြေ ၂၀၂.၂၀ ဧကအား လုပ်ထုံးလုပ်နည်းနဲ့အညီ အမှတ်စဉ်ဖွင့်လှစ်လျှောက်ထားနိုင်ရန်အတွက် ခွင့်ပြုပေးသင့်ပါကြောင်းဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ညွှန်ကြားရေးမှူးချုပ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကို ထောက်ခံတင်ပြထားကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါမြေနေရာဟာ အမှန်တကယ်မြေပြင်မှာ မြေလွတ်၊ မြေရိုင်းများဖြစ်ကြောင်းကို ဒေသခံတောင်သူများ နားလည်သဘောပေါက်စေရန် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှာ ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူးရုံးက ဒုရဲမှူး အောင်အောင်၊ ကျောက်ဖြူမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးအေးဝင်းစိုး၊ ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဒုတိယဦးစီးမှူး ဦးကျော်နု တို့ ပါဝင်တဲ့အဖွဲ့က အုန်းတောကျေးရွာအုပ်စု ဝတ်ဆံကျေးရွာမှာ သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ ဒေသခံတောင်သူလယ်သမား စုစုပေါင်း ၅၀ ဦးတို့နှင့် ပထမအကြိမ်ပွင့်လင်းမြင်သာစွာတွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

ဆက်လက်၍လည်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ အမှတ်(၆)ရဲတပ်ရင်းစုမှူး ယာယီရဲမှူးကြီး ခင်ကျော်၊ ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ထွဋ် ဦးစီးအဖွဲ့နှင့် ကျောက်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုး တို့ဦးစီးတဲ့ဌာနဆိုင်ရာအဖွဲ့တို့ကလည်း အုန်းတောကျေးရွာအုပ်စု ပြိုင်းစေ့ကေကျေးရွာ၊ ပြိုင်းစေ့ကေဘုန်းတော်ကြီးကျောင်းမှာ ရပ်မိရပ်ဖ၊ ဒေသခံတောင်သူ ၁၁၀ ဦးတို့နဲ့ ဒုတိယအကြိမ် ပွင့်လင်းမြင်သာစွာ ထပ်မံတွေ့ဆုံပြီး အဆိုပါမြေဧရိယာ ၂၀၂.၂၀ ဧကဟာ တောင်သူများသီးနှံစိုက်ပျိုးမှုမဖြစ်ထွန်းတဲ့နေရာဖြစ်တဲ့အတွက် ရေရှည်မှာလုံခြုံရေးမြေနေရာအဖြစ်သာ အသုံးပြုရန်သင့်လျော်ကြောင်း ရှင်းလင်းဆွေးနွေးပြီးဖြစ်သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများမှ တောင်သူများကို ထပ်မံရှင်းလင်းဆွေးနွေးမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဆက်လက်ဖြေကြားရရင် အမှတ်(၃၂) ရဲတပ်ရင်းတည်ဆောက်ရန်အတွက် မြေဧရိယာ ၂၀၂.၂ ဧကရရှိရေးနှင့်ပတ်သက်၍ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီအသုံးပြုခွင့်ရရှိရေး မြေစာရင်းပုံစံ ၁၀၅ ရေးဆွဲခွင့်အား ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၃) ဆုံးဖြတ်ချက်အရ လျှောက်ထားမြေ ၂၀၂.၂ ဧကအား အမှတ်(၃၂) ရဲတပ်ရင်းတည်ဆောက်ရန် မြေနေရာအဖြစ်အသုံး ပြုရန်ခွင့်ပြုကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါတယ်။ ထိုသို့အကြောင်းကြားချက်အရ ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှ အစိုးရက ခွင့်ပြုသောဥပဒေနှင့် ညီညွတ်သော အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာပုံစံ ၄ ဖြင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ နေပြည်တော်သို့

တင်ပြခဲ့ပြီးဖြစ်ပါကြောင်းနှင့် ဒေသခံတောင်သူများကိုလည်း နှစ်ကြိမ်တိုင်တိုင် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ မေးခွန်းကိုဖြေကြားရရင် အမှတ်(၃၂) ရဲတပ်ရင်းတည်ဆောက်ရန် ခွင့်ပြုထားတဲ့မြေမှာ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ရဲ့ ကွင်းဆင်းစိစစ်ထောက်ခံချက်များအရ ၎င်းမြေဟာ မြေအနေအထားအရ ကျောက်တုံး၊ ကျောက်ခဲများပေါများသောမြေဖြစ်ပြီး နှစ်ရှည်ပင်နှင့် ရာသီသီးနှံပင်များ စိုက်ပျိုးထား ခြင်းမရှိကြောင်း၊ ၎င်းနေရာဟာ ရဲတပ်ရင်းတည်ဆောက်ရန် စစ်ဗျူဟာ တရားဥပဒေစိုးမိုးရေးအတွက် အချက်အချာကျတဲ့နေရာတွင်တည်ရှိခြင်းတို့ကြောင့် လက်ရှိရွေးချယ်ထားတဲ့မြေနေရာက အသင့်လျော် ဆုံးဖြစ်ကြောင်းနှင့် ကျောက်ဖြူ-ရန်ကုန်ကားလမ်းဘေးမှာရှိတဲ့ တပ်မတော်(ရေ)ရဲ့ ပိန္နဲတောင်ရော်ဘာ စိုက်ခင်းမြေနေရာဟာ မြေဧရိယာ ၂၄၅ ဧကရှိပြီး မြေလွတ်၊ မြေရိုင်းအသုံးပြုခွင့် ခွင့်ပြုမိန့်ကျပြီးဖြစ် တဲ့အပြင် လက်ရှိရော်ဘာထုတ်ယူနိုင်တဲ့ အပင်အရွယ်အစားအထိ ဧရိယာအပြည့် စိုက်ပျိုးထားရှိပြီး ဖြစ်တဲ့အတွက် ရဲတပ်ရင်းမြေနေရာအတွက် လျာထားရွေးချယ်ခြင်းမပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါ တယ်။

စတုတ္ထမေးခွန်းနဲ့စပ်လျဉ်းပြီးဖြေကြားရလျှင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ၏ စိစစ်တွေ့ရှိ ချက်များအရ အမှတ် (၃၂) ရဲတပ်ရင်းတည်ဆောက်ရန် ခွင့်ပြုထားတဲ့မြေဧရိယာ ၂၀၂.၂ ဧကမှာ တောင်ကုန်း၊ တောင်တန်းများ၊ ကျောက်တုံးနှင့်ကျောက်ခဲများပေါများခြင်း၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုမရှိခြင်းနဲ့ လျှောက်ထားမြေ ၂၀၂.၂ ဧကမှာ ကျောက်ဖြူမြို့နယ် ခမရ (၅၄၃) တပ်ရင်း မှရော်ဘာစိုက်ပျိုးရန် ၁၉၉၉ ခုနှစ်ကတည်းက လျှောက်ထားတဲ့မြေလွတ်၊ မြေရိုင်း ၁၈၀ ဧကနှင့် ဆက်စပ်မြေ ၂၂.၂ ဧကတို့ ပါရှိပါတယ်။ ခမရ (၅၄၃) မှ လျှောက်ထားမြေ ၁၈၀ ဧကအား ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်ပင်စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ရရှိရေးတင်ပြခဲ့ မှုနှင့်ပတ်သက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်စွဲပါစာအမှတ်၊ ၁/၃၀၆၄/၅၄၃/ထောက် ၅(က) ဖြင့် ၎င်းမြေမှာ အမှတ်(၃၂) ရဲတပ်ရင်းဖွင့်လှစ်ရန် အမှန်တကယ် လိုအပ်တဲ့မြေဖြစ်နေခြင်းကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အထောက်အထားပြည့်စုံစွာဖြင့် မြေအသုံးချခွင့်လျှောက်ထားခြင်းကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှာ ပြန်လည်ရုပ်သိမ်းခဲ့ပြီး ဖြစ်ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် ရဲတပ်ရင်းတစ်ရင်းရဲ့ဖွဲ့စည်းပုံအရ လိုအပ် တဲ့အုပ်ချုပ်မှုဆိုင်ရာရုံး၊ တပ်ဖွဲ့ဝင်နေအိမ်ဆောက်အဦများ၊ လေ့ကျင့်ရေးကွင်းများ၊ လုံခြုံရေးဆိုင်ရာ

ဆက်စပ်အဆောက်အဦများ ဆောက်လုပ်ရမှာဖြစ်တဲ့အတွက် မြေဧက ၂၀၂.၂ ဧကဟာ လုံခြုံရေးအရ အမှန်တကယ်လိုအပ်တဲ့ မြေအကျယ်အဝန်းဖြစ်ပါကြောင်းလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းကိုဖြေကြားရရင် အမှတ်(၃၂) ရဲတပ်ရင်းတည်ဆောက်မည့် မြေက၂၀၂.၂ ဧကဟာ ပြည်နယ်မြေစာရင်းဦးစီးဌာနရဲ့ စိစစ်တွေ့ရှိချက်အရ မြေရိုင်းအမျိုးအစား ဖြစ်ခြင်း ယင်းမြေတွင် လက်ရှိ၊ လက်ငုတ်လုပ်ကိုင်သူမရှိဘဲ သဘာဝပေါက်ပင်များနှင့် ခြုံနွယ်များ ပေါက်ရောက်လျက်ရှိခြင်း၊ ယခင်က လုပ်ကိုင်ခွင့်ချထားပေးခြင်း၊ ယှဉ်ပြိုင်လျှောက်ထားခြင်း၊ မြေထပ် ခြင်းများမရှိခြင်းတို့ကြောင့် အမှတ်(၃၂) ရဲတပ်ရင်းက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အစိုးရမှ ခွင့်ပြုထားသော ဥပဒေနဲ့ညီညွတ်တဲ့အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထား ခြင်းသာဖြစ်ပြီး မြေသိမ်းဆည်းရန်ဆောင်ရွက်ခြင်းမဟုတ်တဲ့အတွက် မြေလျော်ကြေးပေးရန်မလိုအပ် ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း တစ်ခုလောက်မေးပါရစေ။ အခုနက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြေကြားတဲ့အထဲမှာ ပြိုင်းစေ့ကေတောကွင်း ကွင်းအမှတ် ၄၆၆ မြေလွတ်မြေရိုင်းအမှတ် (၂၈၉၈၊ ၃၀၁၁၊ ၃၀၂၅၊ ၃၁၃၁၊ ၃၁၉၈၊ ၃၂၀၆) စတဲ့မြေကွင်း မြေတွေဟာ မြေလွတ်မြေရိုင်းတွေလို့ စာအုပ်ထဲမှာ၊ စာရွက်တွေထဲမှာ ရေးပြီးတော့ ဌာနဆိုင်ရာတွေက ထောက်ခံ ချက်အမျိုးမျိုးတွေပေးပြီးတော့ နိုင်ငံတော်အဆင့်မြင့်တဲ့ နေပြည်တော်အထိ စာရွက်စာတမ်းတွေနဲ့ တင်ပြပြီးတော့ ခွင့်ပြုချက်ရယူထားတယ်ဆိုတာကတော့ ဝန်ကြီးဖတ်ပြလို့ ကျွန်တော်တို့ ကြားရပါ တယ်။ ရပ်သူရွာသားတွေဆီကပေးလာတဲ့ ပြည်နယ်ဝန်ကြီးချုပ်ရဲ့စာမှာပါတဲ့စာအရလည်း ဒီစာအရ လည်း ကျွန်တော်တို့ သိရပါတယ်။ သို့သော် တကယ်လက်ရှိမြေပြင်မှာ ဒီမြေတွေဟာ လယ်သမားတွေ က အပင်စိုက်မထားပေမယ့် ဒီမြေတွေကို နွားကျောင်းတယ်။ ရာသီသီးနှံစိုက်တယ် စသည်ဖြင့် အမျိုး မျိုး အသုံးပြုနေရတယ်။ ဒီမြေတွေဟာ ရွာပတ်ပတ်လည်ဝိုင်းပြီးတော့ ကားလမ်းဘေးမှာ လူသူလေးပါး စွန့်ပစ်ထားတဲ့ မြေလွတ်၊ မြေရိုင်းမဟုတ်ဘဲနဲ့ လူတကာလယ်သမားတွေ တစ်နည်းနည်းနဲ့ အသုံးပြုနေ ကြတဲ့မြေဆိုတာကိုတော့ ဝန်ကြီးဌာနက ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးတဲ့အခါ ကျွန်တော်ကိုယ်တိုင် လည်း လိုက်ပါလိုပါတယ်။ ခွင့်ပြုလို့ရှိရင် ကျွန်တော် တကယ်သွားမယ်ဆိုလို့ရှိရင် ကျွန်တော်လည်း လိုက်ကြည့်ပါရစေ။ ပြန်လည်ပြီးတော့ တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘာများပြန်လည် ဖြေကြားဖို့ရှိပါဦးမလဲ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အခု အမှတ်(၃၂)ရဲတပ်ရင်းတည်ဆောက်မယ့် ကျွန်တော်တို့ အသုံးပြုခွင့်ပေးထားသောမြေဧကဟာ ကျွန်တော်တို့ သက်ဆိုင်ရာဌာနအသီးသီးကို လုပ်ထုံးလုပ်နည်းအရ တင်ပြဆောင်ရွက်သွားခြင်းဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ဖို့လည်း ကျွန်တော်တို့ သက်ဆိုင်ရာရခိုင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူးကလည်း ဒီဟာကို ကျွန်တော်တို့ မြေပြင်ကွင်းဆင်းပြီးတော့စစ်ဆေးချက်ကိုလည်း တောင်းခံထားပြီး တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကတော့ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းထွဋ် ကနေပြီးတော့ ဒီသဘောထားမှတ်ချက်တင်ပြတာရှိပါတယ်။ ဒါကတော့ ကျောက်ဖြူမြို့အစိုးရရပ်ကွက်နေ ဒုတိယရဲမှူးကြီး ဦးစံရွှေမောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ကျောက်ဖြူခရိုင်မှ အမှတ်(၃၂) ရဲတပ်ရင်းအသုံးပြုရန်အတွက် အခြားနည်းအသုံးပြုခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်။

(က)လျှောက်ထားမြေမှာ ကျောက်ဖြူခရိုင် အုန်းတောကျေးရွာအုပ်စု ကွင်းအမှတ်(၄၆၆) ပြိုင်းစေ့ကေတောကွင်း မြေကွက်အမှတ်(၃၁၅၁၊ ၃၁၉၈၊ ၃၂၀၆၊ ၂၈၉၈၊ ၃၀၁၁၊ ၃၀၂၅) အတွင်းမှာရှိတဲ့မြေဧရိယာ ၂၀.၂၂ ဖြစ်ပါသည်။ (ခ)လျှောက်ထားမြေမှာ မြေရိုင်းမြေအမျိုးအစားဖြစ်ပါသည်။ (ဂ) လျှောက်ထားမြေအတွင်း လက်ရှိ၊ လက်ငုတ်လုပ်ကိုင်သူများမရှိဘဲ သဘာဝပေါက်ပင်များ၊ ခြုံနွယ်များ ပေါက်ရောက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ (ဃ)လျှောက်ထားမြေနဲ့ပတ်သက်၍ ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံတောင်သူများနှင့်လည်း နှစ်ဦးနှစ်ဖက်ပြေလည်စွာ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။ (င)လျှောက်ထားမြေများအား ယခင်လုပ်ကိုင်ခွင့်ချထားပေးခြင်း၊ ယှဉ်ပြိုင်လျှောက်ထားခြင်း၊ မြေထပ် ခြင်းများ မပါရှိကြောင်းလည်း စိစစ်တွေ့ရှိရပါသည်။ (စ)လျှောက်ထားမြေအား အမှတ်(၃၂) ရဲတပ်ရင်းမြေနေရာအဖြစ် အသုံးပြုလျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလည်း ခွင့်ပြုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျောက်ဖြူမြို့ အမှတ်(၃၂) ရဲတပ်ရင်းမြေနေရာအဖြစ် အခြားနည်းအသုံးပြုရန် တင်ပြလျှောက်ထားသည့်မြေနေရာအား လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ် လျှောက်ထားနိုင်ရန် ခွင့်ပြုပေးသင့်ပါကြောင်း ထောက်ခံတင်ပြသည်ဆိုပြီးတော့ သက်ဆိုင်ရာပြည်နယ်မြေစာရင်းဦးစီးဌာနကနေပြီးတော့ ထောက်ခံပြီးတော့ ကျွန်တော်တို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနဲ့ စီမံခန့်ခွဲမှုဗဟိုကော်မတီကို တင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အဲ့ဒီအဆင့်အထိ တင်ပြထားပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်ကလည်း ဆင်းပြီးတော့ ဆောင်ရွက်ထားကြောင်းလည်း ကျွန်တော်တို့ သိရှိရပါတယ်။

ဒါကြောင့်မို့လို့ ပြည်နယ်မြေစာရင်းဦးစီးမှ ဒါကိုထောက်ခံတင်ပြထားခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၄-၂-၂၀၁၄ ရက်မှာ အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူသွားမှာဖြစ်ပါတယ်။ ဖော်ပြပါဥပဒေကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကတင်သွင်းသော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၄-၁-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်း

ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၈-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် ၅၁ ချက်တင်သွင်းထားပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်း လာသည့် ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက် ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီက သက် ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့သဘောထားဆန္ဒရယူ၍ ဆုံး ဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ရက်ပတ်အတွင်းက ဒီဥပဒေကြမ်း ကိုလွှတ်တော်မှာ ဆွေးနွေးဖို့ အစီအစဉ်ထဲမှာ တင်ပြဆောင်ရွက်ပြီးဖြစ်ပါတယ်။ သို့ရာတွင် သက်ဆိုင် ရာပြည်ထောင်စုဝန်ကြီးဌာနမှ အချို့စကားရပ်များကို ကျစ်လျစ်အောင်ပြင်ဆင်လိုတယ်ဆိုတဲ့ တင်ပြ မေတ္တာရပ်ခံချက်ကြောင့် အစီအစဉ်ကို ရွှေ့ဆိုင်းပြီး ဒီကြားထဲမှာ သက်ဆိုင်ရာပြည်ထောင်စုအစိုးရ အဖွဲ့က သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီမှပုဂ္ဂိုလ်များ ပါဝင်ပြီးတော့ ဆောက်ရွက်တဲ့နေရာမှာ ဒီနေ့ ဒီအစီအစဉ်မှာ တင်ပြလာခြင်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကလည်း ကျွန်တော်တို့အတွက် လွန်စွာမှ အရေးကြီးလိုအပ်တဲ့ဥပဒေကြမ်းဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းကို အချိန်အတော်ယူပြီး ဆွေးနွေး ဆောင်ရွက်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်ဒီဥပဒေကြမ်းကို ဒီနေ့ဆက်လက်ဆွေးနွေးနိုင်ဖို့ ဆက်လက် ပြီးတင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် ၅၁ ချက်အား ဥပဒေကြမ်းကော်မတီမှ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မဝင် အမရပူရ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ အသင်းအဖွဲ့များ မှတ်ပုံတင် ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ကျွန်တော်မှ လေးစားစွာတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီနေ့ ကန့်လန့်ဖြတ်ဇယားများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၂၀ အခန်း(၄) အပိုဒ် ၈ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၁)အား ကျေးဇူးပြု၍ပြင်ဆင်ပေးနိုင်ပါရန် ဦးစွာပထမလေးစားစွာ တင်ပြအပ်ပါတယ်။ စာမျက်နှာ ၆ ဖြစ်ပါ တယ်။ အမှတ်စဉ် ၂၀ အခန်း(၄) အပိုဒ် ၈ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)ဖြစ်ပါတယ်။ မူလ ပြဋ္ဌာန်းချက်က နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့ ၃၀ ရက်ဆိုတဲ့ အစား ကျွန်တော် တို့ပြည်သူ့လွှတ်တော်က ရေးဆွဲရန်တင်ပြချက်က ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ ၃၀ ရက် ဖြစ်ကြောင်းကို ပြင်ဆင်မှတ်သားပေးပါရန် ကြိုတင်ပြီးတော့တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မရှင်းပါဘူး။ အားလုံးပြန်ရှင်းအောင် ဖြည်းဖြည်းပြောပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၆ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆။

**ဥက္ကဋ္ဌ**။ ။ ရပြီ။ ပြောပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ အမှတ်စဉ် ၂၀ ဖြစ်ပါတယ်။ အခန်း(၄) အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)အပိုဒ်ခွဲငယ်(၁) ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားထဲမှာ ရေးထားတာ ကမူလပြဋ္ဌာန်းချက်က ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ ၃၀ ရက်လို့ရေးထားပါတယ်။ ပြည်သူ့ လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ရေး အဖွဲ့ ၃၀ ရက်ဆိုပြီးတော့ရေးထားပါတယ်။ ကျွန်တော်တို့ပြင်ဆင်လိုတာက မူလပြဋ္ဌာန်းချက်က နိုင်ငံ တကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ရေး အဖွဲ့ ၃၀ ရက်ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်က ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ ၃၀ ရက်ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ဇယားမှားသွားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြန်ပြောမယ်။ စာမျက်နှာ ၆ အမှတ်စဉ် ၂၀ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက် အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်စိပ်(၁)က မှားနေတယ်ပေါ့။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဟုတ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘယ်လိုပြင်မလဲ။ အဲဒါကိုပြောပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့လို့ပြင်ပါမယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်တင်ပြချက်က ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်က နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့ဖြစ်ပါတယ်။ ဘယ်ညာပြောင်းမယ်။

**ဥက္ကဋ္ဌ**။ ။ မှန်ပြီ။ ဒါကြောင့်မို့လို့ ဘယ်ညာပြောင်းမယ်ပေါ့။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဟုတ်ပါတယ်ခင်ဗျား။ ဘယ်ပြောင်းမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ အတည်ပြုပေးနိုင်ပါရန် ဤဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်တင်ပြချက် ၅၁ ချက်အား အောက်ပါအတိုင်းတင်ပြအပ်ပါတယ်။ ဥပဒေခေါင်းစီး အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲ(ဃ) ပုဒ်မခွဲ(င) ပုဒ်မခွဲ(စ)အသစ်ဖြည့်စွက်ချက် ပုဒ်မခွဲ(ဈ)၊ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(က) ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဃ)၊ အခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မခွဲ(ဂ) ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မ ၅ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂) ပုဒ်မခွဲငယ်(၃) ပုဒ်မခွဲငယ်(၄) ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃)၊ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၅ ပုဒ်မခွဲငယ်(င) ပုဒ်မခွဲငယ်(၃)၊ ပုဒ်မ ၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) ပုဒ်မခွဲ(င) အသစ်ဖြည့်စွက်ချက် အခန်း(၄)၊ အခန်း(၄) ခေါင်းစဉ် ပုဒ်မခွဲ(ဠ) ပုဒ်မ(၈) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃) ပုဒ်မခွဲငယ်(၄)၊ ပုဒ်မ ၈ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁) ပုဒ်မခွဲငယ်(၃) ပုဒ်မခွဲငယ်(၄)၊ ပုဒ်မ ၈ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၉ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂။

**ဥက္ကဋ္ဌ**။ ။ ခေတ္တရပ်ပေးပါ။ အဲဒီတော့အခု လေ့လာတဲ့အခါမှာ ဥပဒေကြမ်းကော်မတီ က ပြင်ဆင်ချက် ၅၁ ချက်ဖြစ်တယ်။ အဲဒီ ၅၁ ချက်က ကန့်လန့်ဖြတ်ဇယားထဲမှာအကုန်ပါတယ်။ ဒါကြောင့်မို့လို့ အချိန်ကုန်ရင်ကုန်ပါစေ။ ကန့်လန့်ဖြတ်ဇယားကိုကြည့်ပြီးတဲ့အခါမှာ အမှတ်စဉ်၊

အခန်း၊ အပိုဒ်၊ မူလပြဋ္ဌာန်းချက်ကို ချန်လပ်ပြီးတော့ ပြည်သူ့လွှတ်တော်ကပြင်ဆင်ရန်တင်ပြချက်တွေကို စာသားအတိုင်း အပိုဒ်အလိုက် ဖတ်ကြားတင်ပြပေးပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ဟုတ်ကဲ့ပါခင်ဗျား။ ကန့်လန့်ဖြတ်ဗယား အမှတ်စဉ် ၁ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်အသင်းအဖွဲ့များမှတ်ပုံခြင်းဆိုင်ရာဥပဒေ ၂၀၁၄ ခုနှစ်နှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်( )၊ ၁၃၇၅ ခုနှစ် ( )လ ( )ရက်၊ ၂၀၁၄ ခုနှစ် ( )လ ( )ရက်၊ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အမှတ်စဉ် ၂ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ပြည်ထောင်စုအဆင့်အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့် အဖွဲ့ကိုဆိုသည်။

အမှတ်စဉ် ၃ အပိုဒ်ခွဲ(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အသင်းအဖွဲ့များမှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကိုဆိုသည်။ အမှတ်စဉ် ၄ အပိုဒ်ခွဲ(င) နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့ဆိုသည်မှာ နေပြည်တော်ကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်သော နေပြည်တော်ကောင်စီအသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့်အဖွဲ့ကိုဆိုသည်။ အမှတ်စဉ် ၅ အပိုဒ်ခွဲ(စ) မူလပြဋ္ဌာန်းချက် ခရိုင်အဆင့် မှတ်ပုံတင်ရေးအဖွဲ့ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဆိုတဲ့အပိုဒ်ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ခြင်းဖြစ်ပါတယ်။

အမှတ်စဉ် ၆ အသစ်ဖြည့်စွက်ခြင်း အပိုဒ်ခွဲ(ဇ) ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်မှာ အသင်းအဖွဲ့ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့နှင့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ကိုဆိုသည်။ ကျွန်တော်တို့ ကျန်ပုဒ်မစဉ်များကို ပြောင်းလဲသွားမှာဖြစ်ပါတယ်။ အမှတ်စဉ် ၇ အပိုဒ်ခွဲ(ဈ) နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားသောအဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် နိုင်ငံတော်အတွင်း လူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ရည်ရွယ်သောအဖွဲ့အစည်းကိုဆိုသည်။

အမှတ်စဉ် ၈ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီကျင့်သုံးဆောင်ရွက်နိုင်စေရန်၊ အပိုဒ်ခွဲ(ခ) အသင်းအဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊ အပိုဒ်ခွဲ(ဃ) အသင်းအဖွဲ့များသည် လုပ်ငန်းများအားအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ဥပဒေနှင့်အညီ အကူအညီများရယူနိုင်ရန်၊ အမှတ်စဉ် ၉ အခန်း(၃) အပိုဒ် ၄ အသင်းအဖွဲ့များမှတ်ပုံတင်ရေးအတွက် မှတ်ပုံတင်ရေးအဖွဲ့များကို အောက်ပါအတိုင်းဖွဲ့စည်းရမည်။ အပိုဒ်ခွဲ(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အသင်းအဖွဲ့များမှတ်ပုံရေးအဖွဲ့၊ အပိုဒ်ခွဲ(ဂ) နေပြည်တော်ကောင်စီအသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့၊ စာမျက်နှာ ၃ အမှတ်စဉ် ၁၀ အခန်း(၃) အပိုဒ် ၅ အပိုဒ်ခွဲ(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်။

အမှတ်စဉ် ၁၁ အပိုဒ်ခွဲ(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်။ အပိုဒ်ခွဲငယ်(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးအဖွဲ့ဝင်၊ အပိုဒ်ခွဲငယ် ၃ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းအဖွဲ့များမှ ရွေးချယ်သောကိုယ်စားလှယ်နှစ်ဦးအဖွဲ့ဝင်များ၊ အပိုဒ်ခွဲငယ်(၄) ညွှန်ကြားရေးမှူး တိုင်းဒေသကြီးအတွင်းရေးမှူး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူးဖြစ်ပါတယ်။ အမှတ်စဉ် ၁၂ အပိုဒ်ခွဲ(ဂ) နေပြည်တော်ကောင်စီသည် နေပြည်တော်ကောင်စီမှ မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ အပိုဒ်ခွဲ(၃) နေပြည်တော်ကောင်စီအသင်းအဖွဲ့များမှ ရွေးချယ်သောကိုယ်စားလှယ်နှစ်ဦး၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၃ အခန်း(၃) အပိုဒ် ၅ မူလပြဋ္ဌာန်းချက် ခရိုင်အဆင့်မှတ်ပုံတင်ခြင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုတဲ့အပိုဒ်ကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ရန် ဖွဲ့စည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်အဆင့်မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည်-

၁။ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ၊

၂။ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဖွဲ့ဝင်၊

၃။ ခရိုင်အဆင့်အသင်းအဖွဲ့များမှ ရွေးချယ်သောကိုယ်စားလှယ် နှစ်ဦး(အဖွဲ့ဝင်)၊

၄။ လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆိုတဲ့ မူလပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်ကပယ်ဖျက်ထားကြောင်း တင်ပြပါတယ်။

အမှတ်စဉ် ၁၄ အခန်း (၃) အပိုဒ် ၅ အပိုဒ်ခွဲငယ် (င) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်။ အပိုဒ်ခွဲငယ် ၃ မြို့နယ်အဆင့်အသင်းအဖွဲ့များမှ ရွေးချယ်သောကိုယ်စားလှယ်နှစ်ဦး (အဖွဲ့ဝင်များ)၊ အမှတ်စဉ် ၁၅ မှတ်ပုံတင်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။ အပိုဒ်ခွဲ(က) အသင်းအဖွဲ့များက မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊ (ခ) ပြည်တွင်းအသင်းအဖွဲ့များအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်း၊ အမှတ်စဉ် ၁၆ အခန်း (၃) အပိုဒ် ၆ အပိုဒ်ခွဲ (င) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်းနှင့်သက်တမ်းတိုးပေးခြင်းကိုလည်းကောင်း၊ နိုင်ငံတစ်ဝှမ်းလုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့တို့ကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ခြင်း၊ အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁၇ အပိုဒ်ခွဲ(စ)ဖြင့် အသစ်ဖြည့်စွက်မှာဖြစ်ပါတယ်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဤဥပဒေကထုတ်ပြန်သော နည်းဥပဒေ၊ ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိရပါက လိုအပ်သလိုအရေးယူခြင်း၊ မှတ်ပုံတင်လဲလှယ်ခွင့်ကိုငြင်းပယ်ခြင်း၊ အမှတ်စဉ် ၁၈ အခန်း(၄) အပိုဒ် ၇ ပြည်တွင်းအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း၊ ပြည်တွင်းအသင်းအဖွဲ့များသည် ဆန္ဒအလျောက်မှတ်ပုံတင်လိုပါက အသင်းအဖွဲ့၏ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။ (ဌ) သီးခြားတင်ပြချက် (ရှိလျှင်) ဖြစ်ပါတယ်။ အမှတ်စဉ် ၁၉ အပိုဒ် ၈ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၇ အရ လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ၇ ရက်အတွင်း အစိုးရရုံးပိတ်ရက်များမပါ ယာယီမှတ်ပုံတင်လက်မှတ်ကိုထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့ ၆၀ ရက်။ အပိုဒ်ခွဲငယ် ၄ မြို့နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့ ၃၀ ရက်၊ အမှတ်စဉ် ၂၀။

**ဥက္ကဋ္ဌ** ။ ။ ကျော်လိုက်ပါ။ အမှတ်စဉ် ၂၁ ဖတ်ပါ။

**မူကြမ်း**

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ဟုတ်ကဲ့။ အမှတ်စဉ် ၂၁ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသောအကြောင်းအရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့်ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။ မှတ်ချက် ပုဒ်မ ၈ ပုဒ်မခွဲ(ဃ)အား ပုဒ်မအသစ် တစ်ခုအဖြစ် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၂၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းတွင် လုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ၃၀၀၀၀ ကျပ်သတ်မှတ်သည်။ အမှတ်စဉ် ၂၃ နေပြည်တော်ကောင်စီအဆင့် မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် နေပြည်တော်ကောင်စီနယ်နိမိတ်အတွင်းတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ၃၀၀၀၀ ကျပ်သတ်မှတ်သည်။ အမှတ်စဉ် ၂၄။

**ဥက္ကဋ္ဌ**။ ။ပယ်ဖျက်ပဲပြုပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ဟုတ်ကဲ့။ မူလပြဋ္ဌာန်းချက်ကိုပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၂၅ အပိုဒ် ၁၂ မြို့နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းလှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန်မလို။ သက်ဆိုင်ရာ ခရိုင်အတွင်းရှိ အခြားမြို့နယ်များသို့ သွားရောက်လှုပ်ရှားလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့အသိပေးတင်ပြရမည်။ အမှတ်စဉ် ၂၆ အခန်း(၅) ပြည်ထောင်စုအဆင့် မှတ်ပုံတင်ခွင့်ပြုခြင်း၊ အမှတ်စဉ် ၂၇ အခန်း(၅) အပိုဒ် ၁၃ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ သိုမဟုတ် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင်လက်မှတ်ရရှိရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ယင်းအသင်းအဖွဲ့၏တာဝန်ခံက ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

အမှတ်စဉ် ၂၈ အခန်း(၅) အပိုဒ် ၁၄ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၁၃ အရ လျှောက်ထားသောအသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ၇ ရက်အတွင်း အစိုးရရုံးပိတ်ရက်များမပါ ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အမှတ်စဉ် ၂၉ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာလက်ခံရရှိပါက ခွင့်မပြုသောအကြောင်းအရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့်ဆွေးနွေး၍

လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီးပြန်လည်လျှောက်ထားနိုင်သည်။ အမှတ်စဉ် ၃၀ အခန်း(၇) အသင်းအဖွဲ့များ၏ မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းနှင့် သက်တမ်းတိုးခြင်း၊ အမှတ်စဉ် ၃၁ အပိုဒ် ၁၆ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့များသည် (က)သက်ဆိုင်ရာမှတ်ပုံတင်ရေး အဖွဲ့ကို တစ်နှစ်တစ်ကြိမ် နှစ်ပတ်လည်အစီရင်ခံစာကို ငွေစာရင်းရှင်းတမ်းနှင့်အတူ တင်ပြရမည်။ (ခ) နှစ်စဉ်နှစ်ပတ်လည် အစီရင်ခံစာပုံမှန်တင်ပြခြင်းဖြင့် ဆက်လက်တည်ရှိနေသည်ဟုမှတ်ယူ၍ ငါးနှစ် လျှင်တစ်ကြိမ် မှတ်ပုံတင်လက်မှတ်အသစ်လဲလှယ်ရမည်။ (ဂ) ပုဒ်မခွဲ(ခ)အရ လဲလှယ်ခြင်းအတွက် မှတ်ပုံတင်ကြေးပေးဆောင်ရန်မလို။ အမှတ်စဉ် ၃၂ စာမျက်နှာ ၉ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက် ခြင်းဖြစ်ပါတယ်။ မှတ်ပုံတင်လက်မှတ်ရရှိထားသော နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ များသည် ငါးနှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးရမည်။ သက်တမ်းတိုးခြင်းအတွက် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ထပ်မံပေးဆောင်ရမည်ဖြစ်ပါသည်။ ကျန်ပုဒ်မစဉ်များလည်းပြောင်းလဲသွားမှာဖြစ် ပါတယ်။ အမှတ်စဉ် ၃၃ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့သို့ တစ်နှစ်လျှင် တစ်ကြိမ် နှစ်ပတ်လည်အစီရင်ခံစာတင်ပြရန် တစ်ဆက်တည်း ငါးနှစ် ပျက်ကွက်ပါက ယင်းအသင်းအဖွဲ့သည် လှုပ်ရှားရပ်တည်ဆောင်ရွက်မှုမရှိဟု မှတ်ယူမည်ဖြစ်ပြီး ဆက်လက်လှုပ်ရှားဆောင်ရွက်လိုပါက မှတ်ပုံတင်အသစ်လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထား ရမည်။

အမှတ်စဉ် ၃၄ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်လဲလှယ်ပေးရန် ငြင်းပယ်ခြင်းခံရသည့် ပြည်တွင်းအသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာလက်ခံရရှိပါက ရက်ပေါင်း ၆၀ အထိ ဆက်လက်ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသောအကြောင်းအရင်းကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့နှင့်ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည် လျှောက်ထားနိုင်သည်။ အပိုဒ် ၁၉ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် သက်တမ်း တိုးရန်ငြင်းပယ်ခြင်းခံရသည့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ သို့မဟုတ် နိုင်ငံတစ်ဝန်း လုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံ ရရှိသည့်နေ့မှ ရက်ပေါင်း ၁၂၀ အထိ ဆက်လက်ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသော အကြောင်းအရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့်ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင် ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

အမှတ်စဉ် ၃၆ အခန်း(၈) အပိုဒ် ၂ဝ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်၏ ဥပဒေနှင့်အညီ လှုပ်ရှားဆောင်ရွက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပံ့ပိုးကူညီခြင်းနှင့် အကာအကွယ်ပေးခြင်းပြုရန်၊ အမှတ်စဉ် ၃၇ အပိုဒ် ၂၁ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည် နိုင်ငံတော်ကပေးအပ်သည့် အထောက်အပံ့များကို လက်ခံရယူခွင့်ရှိသည်။ အမှတ်စဉ် ၃၈ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်း အဖွဲ့များသည် နိုင်ငံတကာအစိုးရအဖွဲ့တစ်ရပ်ရပ်ထံမှဖြစ်စေ၊ နိုင်ငံတကာအစိုးရမဟုတ်သော အသင်း အဖွဲ့တစ်ရပ်ရပ်ထံမှဖြစ်စေ၊ ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်ထံမှဖြစ်စေ၊ မည်သည့်ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ထံမှဖြစ်စေ အထောက်အပံ့ကိုတည်ဆဲဥပဒေများနှင့်အညီ လက်ခံရယူနိုင်သည်။ အမှတ်စဉ် ၃၉ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည် တရားစွဲဆိုခွင့်၊ တရားစွဲ ဆိုခံခွင့်၊ ရန်ပုံငွေဖွင့်လှစ်တည်ထောင်ပိုင်ခွင့်၊ ဥပဒေနှင့်အညီ အလှူငွေကောက်ခံနိုင်ခွင့်၊ ဘဏ်စာရင်း ဖွင့်လှစ်နိုင်ခွင့်နှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်ခွင့်ရှိ သည်။ အမှတ်စဉ် ၄ဝ အပိုဒ် ၂၄ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်သည် မိမိအသင်းအဖွဲ့ ၏ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင်အမှတ်အသား၊ ကိုယ်ပိုင်ဝတ်စုံတို့ကို သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင် ခွင့်ရှိသည်။ အမှတ်စဉ် ၄၁ အခန်း(၉) အပိုဒ် ၂၅ မည်သည့်နိုင်ငံရေးပါတီဝင်မဆို ဤဥပဒေအရ ဖွဲ့စည်းထားသောအသင်းအဖွဲ့များတွင် သက်ဆိုင်ရာပါတီကိစ္စမှအပ ဝင်ရောက်လှုပ်ရှားဆောင်ရွက် ခွင့်ရှိသည်။ အပိုဒ် ၂၆ မည်သည့်နိုင်ငံ့ဝန်ထမ်းမဆို ဤဥပဒေအရ ဖွဲ့စည်းသော အသင်းအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝင်ရောက်လှုပ်ရှားဆောင်ရွက်နိုင်သည်။

အမှတ်စဉ် ၄၃ အသင်းအဖွဲ့များသည် အချင်းချင်းမိတ်ဖွဲ့ပြုလုပ်၍ လုပ်ငန်းများဆောင်ရွက်ရာ တွင်အပြန်အလှန်တာဝန်ယူမှုရပိုင်ခွင့်နှင့် အခန်းကဏ္ဍများ၌ ညီညွတ်မျှတသောအခြေအနေဖြစ်ရန် ဆောင်ရွက်ရမည်။ အမှတ်စဥ် ၄၄ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် ခွင့်ပြုစဥ် ကဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဥ်ကိုပြောင်းလဲ၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ ကျော်လွန်ဆောင်ရွက်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ကို တင်ပြ၍ ခွင့်ပြုချက် ရယူ ဆောင်ရွက်ရမည်။ အမှတ်စဥ် ၄၅ အပိုဒ် ၂၉ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် မြို့နယ်အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဖြစ်စေ တိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေပါ ပြဋ္ဌာန်းချက် များအတိုင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားဆောင်ရွက်ရမည်။ အမှတ်စဥ် ၄၆ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကို မဆိုကြုံတွေ့ရသည့်

ဒေသသို့ နယ်မြေကျော်လွန်ဆောင်ရွက်နိုင်ခွင့်ရှိပြီး ဆောင်ရွက်မည့်သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်ရေးအဖွဲ့နှင့် မှတ်ပုံတင်ရေးအဖွဲ့သို့ အကြောင်းကြား၍ လှုပ်ရှားဆောင်ရွက်ရမည်။ အမှတ်စဉ် ၄၇ မှတ်ပုံတင်ခြင်းမပြုရသေးသော နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ခုသည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့နေသည့်ဒေသတွင် လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုပါက နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့ သို့လျှောက်ထားရမည်။ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့က ယာယီမှတ်ပုံတင်ခွင့်လက်မှတ်ကို ဆောလျင်စွာထုတ်ပေးရမည်။ အမှတ်စဉ် ၄၈ အပိုဒ် ၃၃ အဆင့်ဆင့်သော မှတ်ပုံတင်အဖွဲ့များတွင် အသင်းအဖွဲ့ကိုယ်စားပြုကိုယ်စားလှယ်များကို သတ်မှတ်ကာလအများဆုံး လပေါင်း ၃၀ လျှင်တစ်ကြိမ် အသင်းအဖွဲ့များ၏အစီအစဉ်ဖြင့် ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်ရမည်။

အမှတ်စဉ် ၄၉ အပိုဒ် ၃၄ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်လည်းကောင်း အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။ အမှတ်စဉ် ၅၀ အခန်း (၉) အပိုဒ် ၃၅ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၆/၈၈) အရ ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ အမှတ်စဉ် ၅၁ အခန်း(၉) အပိုဒ် ၃၇ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၆/၈၈)အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များအဖြစ်မှတ်ယူရမည်ဖြစ်ပါကြောင်း။ သို့ဖြစ်ပါ၍ ဖော်ပြပါအပိုဒ်များအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြချက် ၅၁ ချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကို စတင်တင်သွင်းတဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအနေနဲ့ အခုတင်ပြတဲ့အထဲက အပိုဒ် ၁၂ ဖြစ်ပါတယ်။ အပိုဒ် ၇ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာပြောပါ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ စာမျက်နှာ ၂ အမှတ်စဉ် ၇ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၂ အမှတ်စဉ် ၇၊ ရပြီ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ အမှတ်စဉ် ၇ မူလပြဋ္ဌာန်းချက်မှာပါတဲ့ ပြည်ထောင်စု စာပိုဒ်အစမှာဖတ်ရတဲ့ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်အတွင်းလူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ရည်ရွယ်သည့် အဖွဲ့အစည်းကိုဆိုသည်ဟု ပါပါတယ်ခင်ဗျား။ အဲ့ဒါကတော့ အမှန်တကယ်က ပြင်ဆင်ထားတဲ့အပိုဒ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟိုဘက်ဒီဘက်လွဲနေတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ ဟုတ်ပါသလား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၂၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ အမှတ်စဉ် ၇ အပိုဒ်ခွဲ (ဇ)သည်လည်း မူလပြဋ္ဌာန်းချက်နှင့် ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ပြဋ္ဌာန်းချက် ဘယ်ညာလွဲနေတဲ့အတွက် ပြန်တည့်ပေးပါ။ ဒါဆိုလို့ရှိရင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် ကန့်ကွက်ရန်ရှိပါသလား။ အမှတ်စဉ် ၁၆။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ အဲ့ဒါ ကျွန်တော်တို့ ဒီမှာ ရေးထားတာက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့လို့ရေးထားပါတယ်။ စာအစမှာ ကျွန်တော်တို့ပြည်ထောင်စုအဆင့်ဆိုတဲ့ စာလုံးကျန်ခဲ့လို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၁၆ ပြည်ထောင်စုအဆင့်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ဟုတ်ကဲ့ပါခင်ဗျား။ ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့ဆိုပြီးတော့ ရေးရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်း၊ ဟုတ်ပါသလား။ ကဲရှိလို့ရှိရင် ထပ်ပြီးတော့ ပြင်ဆင်ပေးပါ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ နောက်တစ်ခုကတော့ ကျွန်တော်တို့ စာမျက်နှာ ၁၂ စာပိုဒ် ၄၇ ကိုတင်ပြပါမယ်။ စာပိုဒ် ၄၇ ရဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်စာသားမှာ မှတ်ပုံတင်ခြင်းမပြုရသေးသော နိုင်ငံတကာအစိုးရမဟုတ်သော

အသင်းအဖွဲ့တစ်ခုသည် နိုင်ငံအတွင်းမည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့နေရသည့်ဒေသတွင်လူမှုရေးလုပ်ငန်းများဆောင်ရွက်လိုပါက ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့သို့လျှောက်ထားရမည်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခဏလေး။ ဒါကြောင့်မို့လို့ စာကြောင်းရေ ၁၊ ၂၊ ၃၊ ၄မှာ ဆောင်ရွက်လိုပါက။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံတော်အစိုးရမဟုတ်သောဆိုတာ ဖျက်ရမလား။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖျက်ရမယ့်ဟာအရင်ပြောပါ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ နိုင်ငံတော်အစိုးရမဟုတ်သောအသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့သို့ အစား။

**ဥက္ကဋ္ဌ**။ ။ ဖျက်မယ်။ ခဏလေး။ အခုပြန်ပြီးတော့အစားထိုးမယ်။ ပြောပါ။ ဆောင်ရွက်လိုပါက။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ဆောင်ရွက်လိုပါက ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ နောက်ဆက်ပြီးတော့ စာပိုဒ်မှာပဲ ပြည်ထောင်စုအဆင့်မှတ်ပုံတင်အဖွဲ့က ယာယီမှတ်ပုံတင်ခွင့်လက်မှတ်ကို ဆောလျင်စွာ ထုတ်ပေးရမည်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖျက်ရမှာအရင်ပြောပါ။ နိုင်ငံတကာအစိုးရမဟုတ်သော။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့ကို ဖျက်မယ်။ သူ့နေရာမှာ ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ကို ထည့်ရပါမယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့က ယာယီမှတ်ပုံတင်ခွင့်လက်မှတ်ကို ဆောလျင်စွာထုတ်ပေးရမည်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှန်ပါသလား။ ကျန်တာရှိပါသေးလား။ ဟုတ်ပါပြီ။ အဲ့ဒီတော့။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၁၂၊ အမှတ်စဉ် ၄၉ စာပိုဒ် ၃၄ မှာမူလပုဒ်မ ၃၄ အပိုဒ်(ခ)နဲ့(ဂ)၊ (ခ)ကို ပြင်ဆင်ထားတဲ့နေရာမှာ ဒုတိယဝါကျမှာ ကျွန်တော်တို့ ကတ္တား တစ်ခုကျန်နေပါတယ်။ ကျွန်တော်တင်ပြပါမယ်။ ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ရန်တင်ပြတဲ့ အချက်ဖြစ်ပါတယ်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူရင်း ဌာနသည်နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်လို့ဖော်ပြထားပါတယ်။ တကယ်တော့အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း နောက်မှာ ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သောဆိုတဲ့ စကားလုံးကျန်နေတယ် လို့ကျွန်တော်ထင်ပါတယ်။ ဒါမှ ကျွန်တော်တို့ ဒီကတ္တားပါမှသာလျှင် အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်များကို လုပ်ထုံးလုပ်နည်းများနဲ့အညီ ထုတ်ပြန်နိုင်တယ်ဆိုတာ အဓိပ္ပာယ်သက်ရောက် မှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီနေရာမှာ ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ် သောဆိုတဲ့နေရာ စာကြောင်းလေးကို ၄င်းရဲ့နောက်မှာ ထည့်ဖို့သင့်တယ်လို့ ကျွန်တော်တွေ့ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ရပါသလား။ အဲ့ဒီတော့ ဦးသိန်းဆွေပြန်ပြီးတော့ ထည့်ရမည့်နေရာကို အရင်ဖော်ပြပါ။ ပြန်ပြီးတော့ ထည့်ရမည့်အကြောင်းအရာကိုပြောပါ။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ထည့်ရမည့်နေရာက ကျွန်တော်တို့စာကြောင်းရေ ၄ ၄င်းဆိုတဲ့ နောက်မှာထည့်ရမှာပါ။ ထည့်ရမယ့်စာသားကတော့ ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သောမှာ ထည့်ရပါမယ်။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီတော့ မူလဥပဒေကြမ်းတင်သွင်းထားတဲ့ ဦးတင်မောင်ဦး ယခုပြင်ဆင်ချက် ကိုဘယ်လိုသဘောရပါသလဲ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ဒီကျွန်တော်တို့ အခုပြင်ရတဲ့အချက်တွေက ဥပဒေအရလွဲမှားတာမဟုတ်ပါဘူးခင်ဗျား။ မနေ့က ကျွန်တော်တို့ ဆွေးနွေး တဲ့အချိန်မှာ အားလုံးပါပဲဖြစ်ပါတယ်။ ကော်မတီမှာပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒါကြောင့်မို့လို့ ဦးသိန်းဆွေပြောတဲ့အတိုင်း ဥပဒေကြမ်းကော်မတီ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဥ် ၄၉၊ အပိုဒ် ၃၄ ဟာ ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်တွေကို ဖော်ထားတာဖြစ်ပါတယ်ခင်ဗျား။ ဝန်ကြီးဌာနက နည်းဥပဒေတွေ စည်းမျဥ်းတွေ စည်းကမ်းတွေကို ထုတ်ပြန်မယ်ဆိုရင်တော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ကိုယူရမှာပါခင်ဗျား။ အမိန့်ကြော်ငြာစာတွေ၊ အမိန့်ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေကိုတော့ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်နဲ့ ထုတ်ပြန်နိုင်မှာပါခင်ဗျား။ ကတ္တားကျန်ခဲ့တာမဟုတ်ပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲ ကတ္တားထပ်မကျန်ခဲ့ဘူး။ အကြောင်းဖော်ပြချက်က ဒီအမိန့်ကြေငြာစာ၊ အမိန့်ညွှန်ကြားချက်များသည် ဝန်ကြီးဌာနက ထုတ်ပြန်ပေးရမယ့်ကိစ္စဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ ဒီလိုအပ်သောဆိုတာမလိုဘူးလို့ ဒီလိုပြောပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ မြန်မာစာရေးထုံးအရ ဂုင်းတစ်ခုတည်းထည့်လို့ မရပါဘူး။ ဝန်ကြီးဌာနတစ်ခု တည်းလုပ်မယ်ဆိုရင်လည်းပဲ ကျွန်တော်တို့က အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများကို လည်းကောင်းဆိုတာထည့်ရပါမယ်။ လည်းကောင်းတစ်လုံး ထည့်ရပါမယ်။ ဒီနှစ်ခုပေါင်းမရေးဘူး။ ကျွန်တော်တို့ဝန်ကြီးဌာနတစ်ခုတည်း လုပ်နိုင်တယ်ဆိုရင်တော့ ကျွန်တော်တင်ပြပါမယ်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် နည်းဥပဒေများ စည်းမျဥ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်းတို့ ထည့်မှသာလို့လျှင် ရေးထုံးနဲ့ညီမယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဥပဒေကြမ်းကော်မတီ။ ကောင်းပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဒါကြောင့်မို့လို့ ပြည်ထောင်စုထပ်မံ ဖြည့်စွက်မယ်ဆိုတာကို ပယ်ဖျက်မယ်။ ပယ်ဖျက်ပြီးတဲ့အခါမှာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်းထပ်ထည့်မယ်။ ဒါဆိုရပြီ။ နောက်ပြောပါ။ ဦးတင်မောင်ဦး။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ စာမျက်နှာ ၁၁၊ စာပိုဒ် ၄၂ ဖြစ်ပါတယ်ခင်ဗျား။ မည်သည့်နိုင်ငံ့ဝန်ထမ်းမဆိုဆိုတဲ့ မဆိုဆိုတဲ့စာလုံးကျန်ခဲ့လို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ )**။ ။ ဟုတ်ကဲ့။ ကျန်တာ မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ပြောပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၂၊ အမှတ်စဉ် ၄၉ မှာ မှတ်ချက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ကပြင်ဆင်ထားတဲ့ ဇယားဘက်မှာမှတ်ချက် မူလပုဒ်မ ၃၄ ပုဒ်မခွဲ (က)နှင့်(ခ)အားပေါင်း၍ ပြင်ဆင် ထားပါသည်ဟုရေးထားပါတယ်။ မူလပြဋ္ဌာန်းချက်(က)က ဝန်ကြီးဌာနရဲ့လုပ်ပိုင်ခွင့်ကို ဖော်ပြထားပါ တယ်။ (ခ) က ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ကိုဖော်ပြထားပါတယ်။ အဲ့ဒီတော့ လုပ်ပိုင်ခွင့်နှစ်ခုကို ဝါကျတစ်ပိုဒ်ထဲမှာရေးထားတယ်။ ဒါပြန်ပြင်ပြီးတော့ရေးဖို့ ကျွန်တော်တို့ ပြင်ဆင် ချက်အတိုင်းရေးလို့ အဆင်မပြေနိုင်ပါဘူး။ စောစောက လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေး ကြသလိုပဲ ရေးလို့လည်း အဆင်မပြေနိုင်ပါဘူး။ ဝန်ကြီးဌာနရဲ့လုပ်ပိုင်ခွင့်ရယ် ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့ရဲ့လုပ်ပိုင်ခွင့်ကို သီးခြားပြဋ္ဌာန်းရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ ဥပဒေကြမ်းက ပြန်လည်ရှင်းပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မနေ့ကအစည်းအဝေးမှာ ဒီ(က)နဲ့ (ခ)ကို ပေါင်းပြီးတော့ ပြင်ဆင်တဲ့ညှိနှိုင်းမှုကို သက်ဆိုင်ရာဝန်ကြီး ဌာနလည်းညှိနှိုင်းလိုက်ပါတယ်။ ညှိနှိုင်းလိုက်တဲ့အခါမှာ ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ကို အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ဖို့ရန်အတွက် ကျွန်တော်တို့ ပေးမထားဘဲနဲ့ ဒီဟာကို ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ကလည်းပဲ ဝန်ကြီးဌာနကပဲ ဖြစ်တဲ့အတွက် ဒီနှစ်ခုကို ကျွန်တော်တို့ပေါင်းလိုက်ခြင်းဖြစ်ပါတယ်။ ဒါမနေ့က ညှိနှိုင်းချက်ဖြစ်ပါတယ် ခင်ဗျား။ မနေ့တုန်းက ညှိနှိုင်းချက်အရ ကျွန်တော်တို့ဒါဆိုလို့ရှိရင် ပြည်ထောင်စုအဆင့်မှတ်ပုံတင်အဖွဲ့ ကလည်းပဲ ပြည်ထဲရေးဝန်ကြီးဌာန သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီ Sentence ကို နှစ်ခုပေါင်းပြီးတော့ရေးလိုက်ခြင်းဖြစ်ပါတယ်ခင်ဗျား။ ကြိုတင်ညှိနှိုင်းဆောင်ရွက် ထားပြီးဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲ ထပ်ပြီးတော့ ဆွေးနွေးစရာရှိတာ ဆွေးနွေးပါ။ ဒါနဲ့ပတ်သက်လို့ ဒီအပိုဒ်ကို ခဏလေး ၄၉ ကိုပဲပြောပါ။ အခုက ကိုယ်စားလှယ်တစ်ဦးကပြောတယ်။ အပိုဒ် (က)နဲ့ (ခ) ကို ပေါင်း ပြီးရေးတဲ့ကိစ္စဟာ မဖြစ်သင့်ဘူး။ မဖြစ်နိုင်ဘူး။ ဥပဒေကြမ်းကော်မတီက မနေ့ကကြိုတင်ညှိနှိုင်း

တယ်။ ညှိနှိုင်းတဲ့အခါမှာ ဝန်ကြီးဌာနက ပြည်ထောင်စုအဆင့်မှတ်ပုံတင်အဖွဲ့နဲ့ အတူပဲ ဖြစ်တယ်။ ဒါကြောင့်မို့လို့ ရေးထားတယ်ပြောပါတယ်။ ဒါနဲ့ပတ်သက်လို့ မူလဥပဒေပြဋ္ဌာန်းပေးခဲ့တဲ့ ဦးတင်မောင်ဦးတို့ ဘယ်လိုသဘောရလဲ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ )။** ။ ကျွန်တော် ရှင်းပြချင်တာက မူလကျွန်တော်တို့မနေ့က မဆွေးနွေးခင်ထိမှာ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့တွေ မှတ်ပုံတင်တဲ့အဖွဲ့ကို ကျွန်တော်တို့က သီးခြားထားပါတယ်ခင်ဗျား။ ပြည်တွင်းကအသင်းအဖွဲ့တွေက သီးခြားထားပါတယ်ခင်ဗျား။ မနေ့ကဝန်ကြီးဌာနနှင့် ကျွန်တော်တို့ ကော်မတီများဆွေးနွေးချက်အရ နိုင်ငံတကာအစိုးရ မဟုတ်သောအသင်းအဖွဲ့မှတ်ပုံတင်အဖွဲ့ ကိုဖြုတ်လိုက်ပြီးတော့ ပြည်ထောင်စုအဆင့်မှတ်ပုံတင်အဖွဲ့ကို တစ်ခုတည်းထားပါတယ်ခင်ဗျား။ အဲ့လိုထားလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ယနေ့ဥပဒေအသစ်မှာ ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ရဲ့ ခေါင်းဆောင်သည် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဝန်ကြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကို ပြင်ဆင်ဖို့တင်ပြတဲ့အထဲက မနေ့ကဆွေးနွေးတဲ့အတိုင်းဖြစ်တာကို တင်ပြလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒါဆိုလို့ရှိရင် ဦးဘရှိန်အနေနဲ့ ဘယ်လိုသဘောရပါသလဲ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မနေ့ကဆွေးနွေးတဲ့အထဲမှာ ကျွန်တော်လည်း ပါဝင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့ ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့ဥက္ကဋ္ဌအတူတူဆိုရင်လည်း ဒါကအငြင်းပွားစရာအကြောင်း မရှိပါဘူး။ သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောတူညီချက်နဲ့ လုပ်ရမယ့်အပိုင်းရယ် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်မလိုဘဲနဲ့ လုပ်ရမယ့်အပိုင်းဆိုရင် သဘောတူညီချက်နဲ့လုပ်ရမယ့်အပိုင်းကို ပုဒ်မခွဲ(က)အနေနဲ့ ခါတိုင်းဥပဒေတွေပြဋ္ဌာန်းသလိုပဲ ဥပဒေတွေရေးဆွဲသလိုပဲ တစ်ပိုဒ်ရေးဖို့လိုပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်မလိုဘဲနဲ့ လုပ်ပိုင်ခွင့်ရှိတဲ့ဟာကျတော့ ပုဒ်မခွဲ(ခ)အနေနဲ့ ရေးဖို့လိုပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက မနေ့က ဆွေးနွေးတဲ့ထဲမှာ ပြဋ္ဌာန်းချက်တွေများတယ်။ ပုဒ်မတွေများတယ်။ လိုရင် ပြဋ္ဌာန်းချက်တွေများရမှာ၊ မလိုရင် ပြဋ္ဌာန်းချက်တွေလျှော့ရမှာ အခုလိုနေပါတယ်။ လိုတဲ့အတွက်ကြောင့် ဥပဒေပြဋ္ဌာန်းတဲ့နေရာမှာ တိကျဖို့လိုပါတယ်။ ပြတ်သားဖို့ လိုပါတယ်။ ရှင်းလင်းဖို့လိုပါတယ်။ အဲ့ဒါကြောင့် ပါဝင်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။ အခုတင်ပြချက်ကို မိမိဥက္ကဋ္ဌအနေနဲ့ သဘောတူတယ်။ ဒါ့ကြောင့်မို့လို့ ခုနက ရှင်းလင်းအောင်၊ တိကျအောင် ပြန်ပြီးရေးပါ။ ကဲခုနက ဒီဘက်က မိုက်တောင်း

ပါတယ်။ ပြောပါ။ ဒါကြောင့်မို့ ဒီအပိုဒ်ကို ကျွန်တော်တို့ ခေတ္တရပ်ဆိုင်းထားမယ်။ ပြန်ပြောမယ်ဆိုရင် အမှတ်စဉ် ၄၉၊ အပိုဒ် ၃၄ ကို ရှင်းလင်းအောင်၊ တိကျအောင် ပြတ်သားအောင် ပြန်ရေးပြီးတင်ပြပါ။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)။** ။ စာမျက်နှာ (၁၁) ပါ။ အဲ့ဒီမှာ အမှတ်စဉ် ၄၅ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်အပိုဒ်မှာ ရေးထုံးလွဲမှားတာတွေရှိပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် မြို့နယ်အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ဖြစ်စေဆိုတာ ပါနေပါတယ်။ အဲ့ဒီ ဖြစ်စေကပါစရာမလိုပါဘူး။ ဆက်လက်ပြီးတော့ တစ်ခါတိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေက ပြဋ္ဌာန်းချက်များအတိုင်းလို့ရေးမယ့် အစား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လို့ရေးရင်ပိုပြီးတော့ ရေးထုံးနှင့်ညီပါတယ်။ ဖြစ်စေကိုဖျက်ရပါမယ်။ တိုင်း ဆိုတာကိုနှင့်အညီလို့ ထည့်ရပါမယ်။

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ဘယ်လောက်၊ အပိုဒ် ဘယ်လောက်လဲ။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)။** ။ စာမျက်နှာ (၁၁) ပါ။ အမှတ်စဉ် ၄၅။

**ဥက္ကဋ္ဌ။** ။ ၄၅။ ပြန်ပြောပါ။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)။** ။ စာမျက်နှာ (၁၁) ပါ။ အမှတ်စဉ် ၄၅ မှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်အပိုဒ်မှာ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် မြို့နယ် အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ဖြစ်စေ လို့ပါပါတယ်။ ဟိုဘက်မှာ ခရိုင်ပါတဲ့ အတွက် ဖြစ်စေထည့်ရပါတယ်။ ဒီမှာက တစ်ခုတည်း တစ်ဆင့်တည်းဖြစ်တဲ့အတွက် ဖြစ်စေ ထည့်စရာ မလိုပါဘူး။ ဒါ့ကြောင့် ဖြစ်စေကို ဖြုတ်ရပါမယ်။ ဆက်ပြီးတော့ တိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းလို့ရေးထားတာက အတိုင်းဆိုတဲ့ဟာက အရပ်သုံးဖြစ်ပါတယ်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလို့ပြင်ရင် ပိုပြီးတော့ သင့်လျော်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်း ဘာပြောစရာရှိလဲ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရေးထုံးအရ ပြင်မယ်ဆိုရင်တော့ ပြင်လို့လည်းကျွန်တော်တို့ဘက်က ဘာမှပြဿနာမရှိပါဘူး။ ဥပဒေရဲ့ အနှစ်သာရ ကလည်း ဘာမှမပြောင်းလဲပါဘူးခင်ဗျ။ အဲ့ဒါကတော့ လွှတ်တော်ရဲ့ သဘောထားအတိုင်းပါ။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ဒါ့ကြောင့် ဖြတ်ပါမယ်။ ဒီဟာကြီး ကျွန်တော်တို့က ဥပဒေပေါ် ပြောမယ်ဆိုရင် အဓိက Letter of Space ပေါ်အဓိကထားပြီး စဉ်းစားရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကို

ဒီတိုင်းပဲ ကျွန်တော်တို့ တစ်ခါတည်းပဲ ဖြတ်လိုက်ပါမယ်။ ဒါ့ကြောင့်မို့လို့ ဒီမှာပြင်လို့လည်း လွယ်ပါတယ်။ ဆရာမကြီးဒေါက်တာဒေါ်အေးမြင့် ကန့်လန့်ဖြတ်ဇယား စာမျက်နှာ (၁၁)၊ အမှတ်စဉ် ၄၅ ခုနကအားလုံးပြင်တာရလိုက်ပါလား။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ အဲ့တော့ ဦးသောင်းဟန်ရဲ့ ပြင်ဆင်ချက်နဲ့ပတ်သက်လို့ ဆရာမကြီးဘာများပြောလိုပါသလဲ။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့သည် မြို့နယ်အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ဖြစ်စေ တိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားဆောင်ရွက်ရမည်ဆိုတဲ့နေရာမှာ ဖြစ်စေသုံးရင် ဖြစ်စေက နှစ်ခါဆင့်သုံးရမှာပါ။ ဒါ့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ တိုးချဲ့ဖွဲ့စည်းလိုပါကဆိုရင်တော့ ပိုသင့်ပါတယ်။ ဖြစ်စေ တစ်ခါပဲသုံးရမှာပါ။

**ဥက္ကဋ္ဌ**။ ။ ပြန်ပြောပေးပါ။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ပြည်တွင်းအသင်းအဖွဲ့ တစ်ဖွဲ့သည် မြို့နယ်အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ တိုးချဲ့ဖွဲ့စည်းလိုပါက ဖြစ်စေကိုဖြုတ်ရင်သင့်ပါလိမ့်မယ်။ ဤဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း အဲ့ဒီမှာလည်း ပြဋ္ဌာန်းချက်များနှင့်အညီဆိုတာကတော့ ဥပဒေစကား ကျွန်မတို့လည်း ဥပဒေကြမ်း ပညာရေးမြှင့်တင်မှုတို့၊ ဘာတို့မှာသွားတက်တဲ့အခါမှာ ဥပဒေနဲ့ညီအောင်ဆိုပြီး စကားသုံးတွေကို ပြင်လေ့ရှိပါတယ်။ ဒီနေရာမှာ ပိုနားလည်တဲ့သူတွေက အညီလို့သုံးမယ်လို့ပိုသင့်မယ်ဆိုရင်တော့လည်း သုံးဖို့လိုပါတယ်။ အတိုင်းဆိုတာကတော့ ဟုတ်ပါတယ်။ ခုနက ဆရာကြီးဦးသောင်းဟန်ပြောသလိုပါပဲ နည်းနည်းတော့ ကျွန်မတို့ဥပဒေစကား တော့မဆန်ဘူးပေါ့။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ တိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားဆောင်ရွက်ရမည်။ ဒီလိုတစ်ခါတည်း ပြင်လိုက်မယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ စာမျက်နှာ (၉)၊ အပိုဒ် ၃၄ မှာ ပြည်သူ့လွှတ်တော်ကပြင်ဆင်ရန်တင်ပြချက်ဆိုတာမှာ ကျွန်မအဲ့ဒါလေးကို အကြံပြုတာပါ။ ဥပဒေကို

နားလည်တဲ့လူတွေကတော့ ပိုသင့်သလိုပြင်ပါ။ ကျွန်မဒါကို ပြင်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ဒီအပေါ်က စာအသွားအလာလေးကိုပဲ ကျွန်မကြည့်ပြီးပြောတာပါ။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် နည်းဥပဒေများ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်လည်းကောင်း လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်မည်ဆိုရင်လည်းကောင်း နှစ်ခါသုံးရပြီးတော့ အဓိပ္ပာယ်လည်းပိုပြီးတော့ ပေါ်သွားမယ်လည်းထင်ပါတယ်။ ဒါပေမယ့် ဥပဒေရဲ့ တစ်ကယ့်အသွားအလာကို ကျွန်မအပြည့်အစုံပဲ မဖတ်ခဲ့ရတဲ့အတွက်ကြောင့် အတိအကျတော့ ကျွန်မမပြောနိုင်ပါဘူး။ သို့သော်လည်း ဒီစာသွားစာလာလေးအရဆိုရင်လည်းကောင်း နှစ်ခါသုံးလိုက်ခြင်းအားဖြင့် ပြည့်စုံသွားမယ်လို့ ကျွန်မထင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဆွေးနွေးပြီးပါပြီ။ ဒီအပိုဒ်တစ်ခုတည်းရေးမယ်ဆိုရင်တော့ ဒီအတိုင်းဖြစ်ပါမယ်။ သို့ရာတွင် ကျွန်တော်တို့က အပိုဒ်ခွဲပြီးရေးမှာဖြစ်တဲ့အတွက် ဒီဟာကို ကျွန်တော်တို့ ပယ်ဖျက်ပြီးတော့ အပိုဒ် နှစ်ခုရေးဖို့ပဲဖြစ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်သဘောပေါက်တာကတော့၊ ခုနကကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသွားခဲ့တာပေါ့။ ဥပဒေကြမ်းပူးပေါင်းကော်မတီကလည်း ဆွေးနွေးသွားခဲ့တယ်။ ဒီဟာကိုပဲ တစ်ပိုဒ်ထဲဖြစ်မယ်ဆိုရင် ကျွန်တော်အကြံပြုချင်ပါတယ်။ ကျွန်တော်တို့ ဒီဟာကို တစ်ပိုဒ်ထဲပြန်ပြီးတော့ရေးမယ်ဆိုရင် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် နည်းဥပဒေများ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်ပြီး အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနအစီအစဉ်ဖြင့် ထုတ်ပြန်နိုင်သည်ဆိုရင် တစ်ပိုဒ်ထဲပြီးသွားပြီးတော့ အဆင်ပြေသွားမယ်လို့ထင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါဆို အဆင်ပြေနိုင်လား။ ကဲဒါနဲ့ပတ်သက်လို့ ကျွန်တော်ပြောစရာရှိတယ်။ ဒါပေမယ့် မပြောဘူး။ ခုနက သက်ဆိုင်ရာကော်မတီများ အပိုဒ် ၄၉ ကို ပြန်လည်သုံးသပ်ပြီးတော့ ခွဲရေးမလား။ တစ်ပေါင်းတည်းရေးမလား။ ပြန်သုံးသပ်ပြီး ဆောင်ရွက်ပါ။ ဒါ့ကြောင့် ခုနက နောက်ဆုံးတင်ပြတဲ့ တပ်မတော်သားကိုယ်စားလှယ်လည်း ရေးသားတဲ့နေရာမှာ သွားရောက်ပြီးတော့ ရေးသားပူးပေါင်း ဆောင်ရွက်ပါ။ ကဲဒါ့ကြောင့် ဒီနေ့အတွက် တစ်ခါတည်း ပြတ်အောင်စာသားအရ မပြောတော့ဘဲနဲ့ အမှတ်စဉ် ၁ ကနေ အမှတ်စဉ် ၄၈ အထိ မူလအဆိုပြုတင်ပြထားတဲ့ ပြည်သူ့

ရေးရာစီမံခန့်ခွဲရေး ကော်မတီကသဘောတူပါလား။ သဘောတူတဲ့အတွက် အမှတ်စဉ် ၁ က ၄၈ အထိ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အမှတ်စဉ် ၁ က ၄၈ အထိ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၉ ကိုတော့ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာတာဝန်ရှိသူနဲ့ ပူးပေါင်းပြီးတော့ ရှင်းလင်းအောင် ဥပဒေအရသော်လည်းကောင်း၊ ရေးထုံးရေးနည်းအရသော် လည်းကောင်း ဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒါကိုတော့ အနီးဆုံးပြည်သူ့လွှတ်တော်မှာ အတည်ပြုချက်ယူပြီး ဒီဥပဒေကို အတည်ပြုသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလောက်အထိ အချိန်ပေးလုပ်ရတဲ့ အကြောင်းလည်းရှိပါတယ်။ ဒီဥပဒေဟာ ဆွေးနွေးတာလည်းကြာပြီ။ ပြီးတဲ့အခါမှာ အမှန်တကယ်လိုအပ်နေတယ်။ အပြင်မှာလည်း ဒီဥပဒေမဖြစ်သေးဘူးဆိုလို့ရှိရင် အခြားအငြင်း အတွက်နဲ့ အခြားပြဿနာများရှိတဲ့အတွက် ကျွန်တော်တို့အလေးထားပြီး ဆောင်ရွက်ခိုင်းခြင်းဖြစ်ပါ တယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ဒီနေ့ ကျွန်တော်ပြောပါတယ်။ ဥပဒေတွေပြုတဲ့နေရာမှာ အလျင် စလိုအစား ကျွန်တော်တို့ သေချာကြည့်ပြီးတော့ ဆောင်ရွက်ဖို့လိုတယ်။ သို့ရာတွင် အဲဒီလိုဆောင်ရွက် တဲ့နေရာမှာလည်း ဒီတစ်ပတ်အတွင်းမှာ ပြီးသွားဖို့လိုတယ်ဆိုတဲ့ ဒီလိုပြောခဲ့ပါတယ်။ မနေ့ကအပိုင်း မှာ ဒီနေ့တင်ပြနိုင်တယ်။ တင်ပြနိုင်လို့ရှိရင် ဒီနေ့ Agenda ထဲထည့်ခိုင်းလိုက်ပါတယ်။ ထည့်ခိုင်းတဲ့ နေရာမှာ ဒီနေ့တင်ပါတယ်။ အဲဒီလိုကြိုးစားပြီးဆောင်ရွက်ပေးကြတဲ့ အထူးသဖြင့်တော့ ဥပဒေကြမ်း ကော်မတီနဲ့ စိတ်ပါဝင်စားတဲ့သူများကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီလိုဖြစ်လာဖို့အတွက်ဆိုလို့ ရှိရင် တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်နာရီတည်းနဲ့ မရဘဲနဲ့။ ဒီဟာကို ညကလည်းပဲ အချိန်ပြည့် ရိုက်ခဲ့တဲ့ သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြတဲ့အခါမှာ သာမန်တင်ပြမှုနဲ့မဟုတ်ဘဲနဲ့ အစအဆုံး ကျွန်တော်ဖတ်ခိုင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တွေကတော့ အခုလိုပဲ အများပြည်သူအတွက် အကျိုးရှိမယ့်ဥပဒေများပြဋ္ဌာန်းနိုင်ရန်အတွက် ကြိုးစား ရမှာဖြစ်သလို တစ်ဖက်ကလည်း အမှားအယွင်းနည်းအောင်ဆောင်ရွက်ပေးဖို့လိုပါတယ်။ အခုလိုဖြစ် သွားရတဲ့ကိစ္စကလည်း ကျွန်တော်မှာပဲတာဝန်ရှိတယ်လို့ ဒီလိုခံယူပါတယ်။ ဥပဒေကြမ်းကော်မတီမှာ တာဝန်ရှိတာမဟုတ်ပါဘူး။ ဒီဥပဒေကိုအမြန်ဆုံးဖြစ်ပေါ်အောင်ဆောင်ရွက်ပေးဖို့ လိုလားတယ်ဆိုတဲ့ ဆန္ဒပေါ်မူတည်ပြီးဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ပြည်ထောင်စုဝန်ကြီးဌာနက ပြီးခဲ့တဲ့ ဥပဒေကြမ်းဆွေးနွေးမယ့်အချိန်ရောက်တဲ့အခါကျမှ ဒီကိစ္စလေးတွေတော့ ပြင်ဆင်လိုတယ်လို့ ပြောတဲ့အတွက်လည်း ကျွန်တော်ရက်ကိုနောက်ဆုတ်ပေးလိုက်တာဖြစ်ပါတယ်။ ကျွန်တော်ဒီလိုတင်ပြ

တာတခြားမဟုတ်ပါဘူး။ ဥပဒေတစ်ရပ်ပြုစုတဲ့နေရာမှာ အဖက်ဖက်ကပါဝင်ပြီးတော့ ပြောဆိုဆွေးနွေးတယ်ဆိုလို့ရှိရင် ကောင်းမွန်ပြည့်စုံတဲ့ဥပဒေတစ်ခုဖြစ်ပါတယ်။ သို့ရာတွင် ဒီအချိန်မှာ ဘယ်လောက်ကောင်းမွန်ပြည့်စုံတဲ့ ဥပဒေဖြစ်ဖြစ် အချိန်တစ်ခုရောက်လာတဲ့အခါမှာ ဒီဥပဒေမှာ လိုအပ်ချက်တွေပြင်ဆင်စရာလေးတွေရှိရင်ရှိမယ်။ ဒီနေ့အတွက်တော့ ကျွန်တော်တို့ အကောင်းဆုံးဥပဒေများဖြစ်အောင်ဆက်လက်ကြိုးစားဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၃း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]